# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက် | ၂၀၂၄ ခုနှစ်၊ ဇွန် ၂၀ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၃)၊ အမှတ်(၂၅၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တောင်သမန်အင်းအတွင်း လာမည့်လများ၌ အင်းရေတိုးလာတော့မည်ဖြစ်၍ ငှက်လှေစီးသူ ယခုထက် ပိုမိုများပြားလာမည်



မန္တလေး ဇွန် ၁၉

မန္တလေးတိုင်း ဒေသကြီး အမရပူရမြို့နယ်ရှိ တောင်သမန်အင်းအတွင်း လာမည့်လများတွင် အင်းရေ တိုးလာတော့မည်ဖြစ်၍ ယခုလက်ရှိပုံမှန်ထက် ပြည်တွင်းပြည်ပ ငှက်လှေစီးသူဦးရေ ပိုမိုများပြားလာမည် ဖြစ်ကြောင်း၊ တောင်သမန် ငှက်လှေအသင်းဥက္ကဋ္ဌ ဦးစိုးဝင်းက ပြောသည်။

လက်ရှိတွင် ရုံးပိတ်ရက်များနှင့် ဥပုသ်ရက် အခါကြီးနေ့ရက်များ၌ ပုံမှန်ကြားရက်များထက် ငှက်လှေစီးသူ များပြားသဖြင့် ထိုရက်များတွင် ငှက်လှေသမားများ ဝင်ငွေကောင်းသည်ဟု ဆိုသည်။

"တောင်သမန် ဦးပိန်တံတားကိုလာတဲ့ ပြည်တွင်းဧည့်သည်တွေက ငှက်လှေစီးသူနည်းတယ်။ စားသောက် အနားယူပြီး ပြန်ကြတာများတယ်။ ပြည်ပခရီးသွား

စာမျက်နှာ ၄ ကော်လံ ၅ ❍

# မင်းဘူးမြို့ စုပေါင်းဈေးရောင်းပွဲတော် ဒုတိယနေ့၌ လည်ပတ်သူများဖြင့် စည်ကား



မင်းဘူး ဇွန် ၁၉

မကွေးတိုင်းဒေသကြီးမင်းဘူးခရိုင် မင်းဘူးမြို့၌ နယ်လှည့်ဈေးရောင်းချသူများ အဖွဲ့က ဦးဆောင်ကျင်းပသည့် စုပေါင်းဈေးရောင်းပွဲတော်ကို ဇွန် ၁၇ ရက် ညနေပိုင်းမှ စတင်ပြီး မင်းဘူးမြို့ အမှတ်(၄) ရပ်ကွက်ရှိ ဖြဟ္မစိုရ် လူမှုကူညီရေးအသင်းရုံးဝင်းအတွင်း၌ ပြုလုပ်လျက်ရှိရာ ဈေးရောင်းပွဲတော် ဒုတိယနေ့အဖြစ် ဇွန် ၁၈ ရက် ညပိုင်းက လာရောက်လည်ပတ်သူများဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❊


ယနေ့ ဖတ်စရာ

**၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင် ပဲခူးတိုင်းဒေသကြီးအတွင်း ရှိဘက်စတာ ကော်ဖီ ဧက ၁၀၀၀ စိုက်ပျိုးသွားမည်** — ပြည်တွင်းသတင်း စာ ၃

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကျင်းပ** — ပြည်တွင်းသတင်း စာ ၄

**ချင်းတွင်းမြစ်ကူးတံတား (ထမံသီ) တည်ဆောက်ရေးလုပ်ငန်းများ ၆၆ ရာခိုင်နှုန်းပြီးစီး** — ပြည်တွင်းသတင်း စာ ၉

# ဝါစိုက်ပျိုးမှုဧက တိုးမြှင့် သတ်မှတ်အထွက်နှုန်းရရန် ကြိုးပမ်း

စက်မှုသီးနှံတစ်ခုဖြစ်သည့် ဝါသည် မြန်မာနိုင်ငံအတွက် အရေးပါသည့် သီးနှံများတွင်ပါဝင်ပြီး ဝါစိုက်ပျိုးရေးကို နှစ်အလိုက်တိုးမြှင့်သွားရန် ကြိုးပမ်းလျက်ရှိသည်။ ဝါသီးနှံစိုက်ပျိုးရေး စီမံကိန်းကာလကို ၂၀၂၂-၂၀၂၃ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ သတ်မှတ်ထားပြီး စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ ပဲခူးတိုင်းဒေသကြီးများ၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့ကို စီမံကိန်းဒေသများအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ လက်ရှိဝါစိုက်ပျိုးမှုမှာ ကေငါးသိန်းဖြစ်ရာ ယခု ၂၀၂၄-၂၀၂၅ ခုနှစ် မိုးကြို၊ မိုးတွင်းနှင့် မိုးနှောင်း ဝါစိုက်ပျိုးရာသီများအတွင်း စီမံကိန်းဝင်ဒေသများရှိ ဝါသီးနှံစိုက်ပျိုးရေးဇုန် ၁၉ ခုတို့တွင် ဝါစိုက်ဧက စုစုပေါင်း ၆၁၂၇၁၂ ဧက စိုက်ပျိုးသွားမည်ဖြစ်သည်ဟု သိရသည်။ တိုးတက်လျက်ရှိသည့် လူဦးရေ၏ ဝတ်ရေးလိုအပ်ချက်အတွက် ဝါသီးနှံကို တိုးချဲ့စိုက်ပျိုးသွားရမည်ဖြစ်ရာ ဝါစိုက်ပျိုးရေးစီမံကိန်းကာလပြီးသည့်နောက် ၂၀၂၇-၂၀၂၈ ခုနှစ်တွင် ဝါစိုက်ပျိုးရေး ဧရိယာဧက ၇၄၇၀၀၀ အထိ စိုက်ပျိုးသွားနိုင်ရေးနှင့် တစ်ဧကဝါအထွက်နှုန်း ပိဿာ ၇၀၀ ထွက်ရှိရေးတို့ကို ဝါသီးနှံစိုက်ပျိုးရေးဇုန်အလိုက် တာဝန်ပေးအပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယခုနှစ် မတ်လ ၇ ရက်က ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဆွေးနွေးခဲ့ရာတွင် “ပြည်တွင်းမှထွက်ရှိသည့်ဝါဂွမ်းများကို ပြည်တွင်းဈေးကွက်တွင် ရောင်းချနိုင်ရေးနှင့် ချည်ကုန်ချောများ၊ အဆင့်မြင့်ချည်ထည်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့်အထည်ချုပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစွာ အရည်အသွေးကောင်းသော (A) အဆင့်ရှိဝါများ ပြောင်းလဲစိုက်ပျိုးနိုင်ရန်လိုကြောင်း၊ ထိုမှတစ်ဆင့် ထွက်ရှိလာသည့် ဝါကုန်ကြမ်းများကို ချည်မျှင်ထုတ်လုပ်နိုင်ရေးနှင့် ပိတ်အဖြစ်ပြောင်းလဲထုတ်လုပ်နိုင်ရေး စက်ကိရိယာများ လိုအပ်ကြောင်း” ထည့်သွင်းဆွေးနွေးပြောကြားခဲ့သည်။ ဤသည်မှာ စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ဝါစိုက်ပျိုးထုတ်လုပ်မှု၊ အရည်အသွေးကောင်းအဆင့်မီ ချည်မျှင်နှင့် ချည်ချောထည်များ၊ ထုတ်လုပ်မှုလုပ်ငန်းကွင်းဆက်များတစ်လျှောက် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးနှင့် တစ်ဆက်တည်းမှာပင် ဒေသတွင်းရှိ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာရန် အရေးပါသည့် အချက်များပင်ဖြစ်သည်။

ဝါစိုက်ပျိုးထုတ်လုပ်မှု၏ နောက်ဆက်တွဲတွင် ဝါကြိတ်စက်များ၊ ချည်မျှင်နှင့် အထည်စက်များ၊ အထည်ချုပ်လုပ်ငန်းများ စသည်ဖြင့် စီတန်းတည်ရှိနေသည်။ ဝါကြိတ်ခွဲစက်များမှ ဂွမ်းနှင့် ဝါစေ့တို့ထွက်ရှိလာပြီး ဝါစေ့မှ ဝါစေ့ဆီနှင့် တိရစ္ဆာန်အစာ ဝါကြိတ်ဖတ်တို့ ထုတ်လုပ်နိုင်ရာ ဝါစိုက်ပျိုးမှုနှင့် ဆက်စပ်၍ သေး၊ ငယ်၊ လတ်စီးပွားရေးလုပ်ငန်း(MSME) များစွာတို့ ဖြစ်ထွန်းနိုင်ခြင်းကြောင့် အောင်အောင်မြင်မြင် ရေရှည်တည်တံ့ ရှင်သန်နိုင်စေရန် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတော်က ရည်မှန်းဆောင်ရွက်နေသည့် ဝါစိုက်ပျိုးဧကများ နှစ်စဉ်တိုးမြှင့် စိုက်ပျိုးရေး၊ တစ်ဧက ပန်းတိုင်ရည်မှန်းချက် ဝါပိဿာ ၇၀၀ ထွက်ရှိရေး၊ ဝါကြိတ်စက်များ၊ ချည်မျှင်နှင့် အထည်စက်များ ဖွံ့ဖြိုးရေး၊ အထည်ချုပ်လုပ်ငန်းများ ဖွံ့ဖြိုးရေးတို့ကို ဌာနတာဝန်ရှိသူများ၊ တောင်သူများ၊ လုပ်ငန်းရှင်များအားလုံးက ကျရာကဏ္ဍမှ ကျေပွန်စွာ ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## အဝေးသင် သင်တန်းများ ကျောင်းအပ်လက်ခံရက် ထပ်မံနှိုးဆော်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

### အဝေးသင် သင်တန်းများ ကျောင်းအပ်လက်ခံရက် ထပ်မံနှိုးဆော်ခြင်း

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ၂၀၂၄ ပညာသင်နှစ်၊ ပထမနှစ် အဝေးသင် သင်တန်း ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၂၆-၁၂-၂၀၂၃ ရက်နေ့မှ စတင်လက်ခံခဲ့ရာ ၂၈-၆-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍လည်းကောင်း၊ ဒုတိယနှစ်နှင့်အထက် ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၅-၂-၂၀၂၄ ရက်နေ့မှ စတင်လက်ခံခဲ့ရာ ၂၈-၆-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍လည်းကောင်း သက်ဆိုင်ရာတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များတွင် ဆောင်ရွက်ကြရန် ထပ်မံနှိုးဆော်လိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး ဒေါက်တာနီလာမြင့်ထူး ကို မုံရွာ စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မိုးပိုလာမည်

**နေပြည်တော် ဇွန် ၁၉**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

ရခိုင်ပြည်နယ်တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးနိုင်သည်။

မိုး/ဇလ

## ကံမမြို့နယ်ရှိ တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေး

**ကံမ ဇွန် ၁၉**

မကွေးတိုင်းဒေသကြီးကံမမြို့နယ်တွင် တောင်သူများ မိုးရာသီစိုက်ပျိုးထုတ်လုပ်မှု အဆင်ပြေစေရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၂ အုပ်စုမှ ဘဏ်အဖွဲ့ဝင်တောင်သူများကို ထုတ်ချေးပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက စီကျေးရွာအုပ်စုမှ တောင်သူ ၇၂ ဦးတို့၏ မိုးစပါးစိုက်ဧက ၁၄၅ ဧကအတွက် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ပေးလျက်ရှိသည်။

ထိုသို့ ထုတ်ပေးရာတွင် ငွေကျပ် သိန်းပေါင်း ၂၇၀၀၀ ထုတ်ချေးပေးရန် လျာထားပြီး မိုးစပါးစိုက်ပျိုးမြေ တစ်ဧကလျှင် ငွေကျပ် တစ်သိန်း ငါးသောင်းနှုန်း၊ မြေပဲ၊ နှမ်း အစရှိသည့် အခြားသီးနှံစိုက်ဧက တစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ယနေ့အထိ ကျေးရွာအုပ်စု ကိုးအုပ်စုမှ တောင်သူ ၆၆၈ ဦး၏ မိုးစပါးစိုက်ဧက ၁၇၂၆ ဧက အတွက် ငွေကျပ် ၂၅၈၉ သိန်း ထုတ်ချေးပေးပြီး ကျန်ရှိနေသော ကျေးရွာအုပ်စုများမှ တောင်သူများကိုလည်း ဆက်လက်၍ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

**ကျော်ဇေယျဝင်း (ကံမ)**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် အစိုးရရုံး/ ဌာနများတွင် ဝန်ဆောင်မှုရယူကြသည့် ပြည်သူများ၏ တယ်လီဖုန်းနံပါတ်များသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့်မေးခွန်းများ မေးမြန်းခြင်းဖြင့် တုံ့ပြန်မှုများရယူနိုင်ရန် “အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် (Public Feedback Programme – PFP)” ကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါ PFP အစီအစဉ်သည် အစိုးရဌာန/ အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်လာစေရေးနှင့် အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းစေရေးအတွက် ရည်ရွယ်၍ ဆောင်ရွက်နေသည့် ကိစ္စရပ်ဖြစ်သောကြောင့် Short Code နံပါတ် “1111” မှတစ်ဆင့် SMS ဖြင့် ပေးပို့မေးမြန်းသော မေးခွန်းများကို ပြည်သူများက အကြံပြုဖြေကြားပေးခြင်းဖြင့် အစိုးရဌာန/ အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုလုပ်ငန်းများ၌ လိုအပ်ချက်နှင့် အားနည်းချက်များကို သိရှိပြုပြင်နိုင်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ပြည်သူများက သက်သာသောနှုန်းထားဖြင့် SMS များ ပြန်လည်ဖြေကြားပေးနိုင်ရေး ဆက်သွယ်ရေးအော်ပရေတာများနှင့် ညှိနှိုင်းဆောင်ရွက်ထားပါကြောင်း အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



# နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆန်သိုလှောင်ရုံများနှင့် ဆန်ဆိုင်များ၊ ဆေးသိုလှောင်ရုံများနှင့် ဆေးဆိုင်များကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းနှင့် ဖြန့်ဖြူးခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းများမရှိစေရေး ပူးပေါင်းအဖွဲ့များဖြင့် အပတ်စဉ်ကွင်းဆင်းစစ်ဆေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၉**

ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေး ကော်မတီ (၂/၂၀၂၄) အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေး ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက် အမှာစကားပြောကြားသည်။ **(ယာပုံ)**



ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီအစည်းအဝေး (၂/၂၀၂၄) တွင် အမှာစကားပြောကြားစဉ်။

အစည်းအဝေးသို့ ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ စီးပွားရေးရာဝန်ကြီးများ၊စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေး ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်များအရ ဆေးဝါးနှင့် ဆေးအထောက်အကူပစ္စည်းများ အပါအဝင် အရေးကြီးကုန်စည်များ ပြတ်လပ်မှုနှင့် ဈေးနှုန်းမြင့်တက်မှုများ မဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ ပုဂ္ဂလိကကဏ္ဍအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တင်ပြနေသည့် ကိန်းဂဏန်းစာရင်းအင်းများကို မြေပြင်အခြေအနေမှန်နှင့် ကိုက်ညီစေရေး စိစစ်ကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မတီအနေဖြင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆန်သိုလှောင်ရုံများနှင့် ဆန်ဆိုင်များ၊ ဆေးသိုလှောင်ရုံများနှင့် ဆေးဆိုင်များကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းနှင့် ဖြန့်ဖြူးခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းများ မရှိစေရေး ပူးပေါင်းအဖွဲ့များဖြင့် အပတ်စဉ် ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း။

၂၀၂၄ ခုနှစ်၊ မေလအတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် ရွှေဈေးနှုန်းများ မြင့်တက်လာသည်ကို တွေ့ရှိရကြောင်း၊ မရှိမဖြစ်လိုအပ်သည့် သွင်းကုန်ပစ္စည်းများအတွက် နိုင်ငံခြားငွေရရှိရေးကို နိုင်ငံခြားသုံးငွေကြီးကြပ်မှု ကော်မတီ (FESC) က စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း၊ နိုင်ငံခြားငွေ အမှန်တကယ် အသုံးပြုရန် လိုအပ်သူများအတွက် ရရှိနိုင်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရွှေနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်ရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကော်မတီအနေဖြင့် ဆန်နှင့် စားသုံးဆီဈေးနှုန်း တည်ငြိမ်ရေးကိစ္စရပ်များကို ပထမဦးစားပေးအဖြစ် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ဆန်ဈေးနှုန်းနှင့် ပတ်သက်၍ စိုက်ပျိုးရေး သွင်းအားစုဈေးနှုန်းများ မြင့်တက်ခြင်း၊ အလုပ်သမားခအပါအဝင် အထွေထွေကုန်ကျစရိတ်များ မြင့်တက်ခြင်းတို့သည် ဆန်ဈေးနှုန်းများ မြင့်တက်စေသည့် အကြောင်းများဖြစ်ကြောင်း၊ စားအုန်းဆီကို ရည်ညွှန်းဈေးသတ်မှတ်၍ တင်သွင်းရောင်းချသည့် ကုမ္ပဏီများက တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးလျက် ရှိကြောင်း၊ စားအုန်းဆီ ဖြန့်ဖြူးရောင်းချရာတွင် အကျိုးအမြတ်ရရှိရေးကိုသာ မကြည့်ဘဲ ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးနှင့် ဈေးနှုန်းတည်ငြိမ်ရေးတို့ကိုလည်း ညီညွတ်မျှတအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တိရစ္ဆာန်အစာဈေးနှုန်းမြင့်တက်ခြင်း၊ သယ်ယူစရိတ်မြင့်တက်ခြင်း၊ ယခုနှစ် ဧပြီနှင့် မေလအတွင်း ရာသီဥတုပူပြင်းခဲ့ခြင်းကြောင့် ဥထွက်နှုန်းကျဆင်းခြင်းနှင့် ကုန်ကြမ်းသားပေါက်ဈေးနှုန်း မြင့်တက်ခြင်းတို့ကြောင့် အသား၊ ငါးနှင့် ဥဈေးနှုန်းတို့ မြင့်တက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် (၉) ခုတွင် မွေးမြူရေးလုပ်ငန်းများကို ငွေကျပ် ၁၂ ဘီလီယံ ထုတ်ချေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းဒေသများမှ စိစစ်ရွေးချယ်ထားသည့် အသားတိုးနွား၊ နို့စားနွား၊ ဥစားကြက်နှင့် သိုး၊ ဆိတ်မွေးမြူရေး လုပ်ငန်းများကို ထုတ်ချေးပေးရန် စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း။

ထို့ပြင် အခြားဆက်စပ်ကော်မတီများ ဖြစ်သည့် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ၊ ရွှေနှင့် ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေး လုပ်ငန်းကော်မတီ၊ နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီနှင့် စက်သုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ စသည့်ကော်မတီများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက် လျက်ရှိကြောင်း၊ အခြေခံစားသောက် ကုန်ပစ္စည်းဈေးနှုန်းများ မတည်ငြိမ်ခြင်း၊ ရုတ်တရက် မြင့်တက်ခြင်းကြောင့် ဝင်ငွေနည်းပါးသည့် ပြည်သူများ၊ ပုံသေလစာရရှိသည့် ဝန်ထမ်းများကို အဓိက ထိခိုက်ခံစားရသဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေး လုပ်ငန်းစဉ်ကို အထူးအလေးထား၍ ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆန်၊ စားအုန်းဆီအပါအဝင် အခြေခံစားသောက်ကုန်ဈေးနှုန်း တည်ငြိမ်ရေး ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဝန်ကြီးချုပ်များ၊ ကော်မတီအဖွဲ့ဝင်များက ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ထူးခြားစွာပြောင်းလဲ ဖြစ်ပေါ်သည့် အဓိကကုန်စည် ဈေးနှုန်းများအပေါ် သုံးသပ်ချက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း အခြေခံစားသောက်ကုန်ဈေးနှုန်းများ တည်ငြိမ်စေရေး ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍနှင့် ဒေသအလိုက် ကုန်ဈေးနှုန်း တည်ငြိမ်စေရေး ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၄ – ၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင် ပဲခူးတိုင်းဒေသကြီးအတွင်း ရိုဘက်စတာ ကော်ဖီ ဧက ၁၀၀၀ စိုက်ပျိုးသွားမည်

**ပဲခူး ဇွန် ၁၉**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် အမယ်သစ်သီးနှံ ရိုဘက်စတာကော်ဖီ စိုက်ပျိုးနိုင်ရေး ပျိုးပင်ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၈ ရက် နံနက်ပိုင်းက ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင် (၃၆) အနီးရှိ Three Red Star Co., Ltd. ၏ နှစ်ရှည်သီးနှံ စိုက်ပျိုးရေးခြံ၌ ကျင်းပသည်။

ထိုသို့ ထောက်ပံ့ပေးအပ်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ကော်ဖီသီးနှံသည် ကုန်းမြင့်ဒေသတွင် စိုက်ပျိုးနိုင်သော ကော်ဖီမျိုး ရှိသကဲ့သို့ ပဲခူးတိုင်းဒေသကြီး၏ ရာသီဥတုနှင့် ကိုက်ညီသည့် ကမ္ဘာ့ဈေးကွက်ဝင် ရိုဘက်စတာ မြေနိမ့်ကော်ဖီမျိုးများလည်းရှိပြီး ပင်လယ်ရေမျက်နှာပြင်အမြင့်ပေ ၂၅၀၀ အောက်နှင့် မိုးရေချိန် ၆၀-၁၀၀ လက်မကြားတွင် စိုက်ပျိုးရန်သင့်တော်မှု ရှိကြောင်း၊ သစ်တောအစုအဖွဲ့ လုပ်ငန်းရှင်များ၊ နှစ်ရှည်သီးနှံစိုက်ပျိုးသော လုပ်ငန်းရှင်များအနေဖြင့် မိမိတို့စိုက်ပျိုးသော သစ်တောပင်များမှ ဝင်ငွေရရှိသလို ရိုဘက်စတာကော်ဖီကို သီးညှပ်စိုက်ပျိုးခြင်းအားဖြင့် နှစ်သီးပေါ်မှ ဝင်ငွေပိုမိုတိုးတက်ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်၊ ရေတာရှည်မြို့တွင် Linght House Co., Ltd. မှ ပြည်တွင်းမှထွက်ရှိသည့် ကော်ဖီအား တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် ပြန်လည်အမှုန့်ကြိတ်၍ ပြည်ပနိုင်ငံများသို့ နှစ်စဉ်တင်ပို့နေရပြီး လက်တွေ့အကျိုးကျေးဇူးများစွာ ရရှိခံစားနေရပြီဖြစ်ကာ ယခုမှ စိုက်ပျိုးမည့် လုပ်ငန်းရှင်များကိုလည်း သွားရောက်လေ့လာနိုင်ရေး စီစဉ်ပေးသွားမည်ဖြစ်ကြောင်း၊ ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင် တိုင်းဒေသကြီးအတွင်း ရိုဘက်စတာ ကော်ဖီဧက ၁၀၀၀ ပြည့်မီစွာ စိုက်ပျိုးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနဆိုင်ရာများမှလည်း ပူးပေါင်းကူညီဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက သစ်တောအစုအဖွဲ့လုပ်ငန်းရှင်များနှင့် နှစ်ရှည်သီးနှံစိုက်ပျိုးသော လုပ်ငန်းရှင်များအား ရိုဘက်စတာကော်ဖီပျိုးပင်များ ထောက်ပံ့ပေးအပ်ပြီး နှစ်ရှည်သီးနှံပင်ကြား သီးညှပ်ကော်ဖီပင် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။ **(အပေါ်ယာပုံ)**



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပဲခူးမြို့နယ် မယင်းကျေးရွာ၌ တစ်ကွင်းတစ်ဆက်တည်း ဧက ၃၀၀ မိုးစပါး စုပေါင်းထွန်ယက်ခြင်း၊ ပျိုးထောင်ခြင်းနှင့် ဓာတ်မြေဩဇာထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ပြီး ဒေသခံတောင်သူများအတွက် သွင်းအားစုများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် သဘာဝငါးမျိုးပြုန်းတီးမှုမရှိစေရေး၊ ဘေးအန္တရာယ်ကင်းပြီး စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးနှင့် ငါးသားဖောက်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ပထမဆုံးအကြိမ် ငါးရုံ့၊ ငါးကျည်းသားဖောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဇွန် ၁၉**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပပြုလုပ်သည်။ (ယာပုံ)

တွေ့ဆုံဆွေးနွေးပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ ခေါင်းဆောင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဒေါက်တာအောင်မြတ်ဦးနှင့် အလုပ်အဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**နှုတ်ခွန်းဆက်စကားများပြောကြား**

ဦးစွာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ ခေါင်းဆောင် ဒေါက်တာအောင်မြတ်ဦးတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က တွေ့ဆုံဆွေးနွေးပွဲဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့က ဆွေးနွေးလိုသည့်အချက်များကို အဆိုပြုတင်ပြပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဘက်မှ ဆွေးနွေးလိုသည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးကြသည်။

**အပြန်အလှန်ဆွေးနွေးညှိနှိုင်း**

ယင်းနောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဘုံသဘောတူညီချက်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) မှ ပြင်ဆင်ဖြည့်စွက်သင့်သည့် အချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး နိုင်ငံရေးပါတီများ၏ သဘောထားအမြင်များကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြသည်။

**ဆက်လက်ကျင်းပသွားမည်**

ဆက်လက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) မှ ပြင်ဆင်ဖြည့်စွက်သင့်သည်ဟု သုံးသပ်ယူဆရသည့် အဆိုပြုချက်များနှင့်ပတ်သက်၍ နှစ်ဖက်အဆိုပြုချက်များကို အပြန်အလှန် ရှင်းလင်းဆွေးနွေးညှိနှိုင်းကြပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရုပ်နားလိုက်ကြောင်းနှင့် ဆွေးနွေးပွဲ ဒုတိယနေ့ကို ဇွန် ၂၀ တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

## ဖျာပုံမြို့၌ သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲကျင်းပ

**ဖျာပုံ ဇွန် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်၌ ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဦးဆောင်ဖွင့်လှစ်သော သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဗိုလ်မှူးငွေမင်းထိုက်က အမှာစကားပြောကြားပြီး ခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်လတ်လတ်ဝင်းက ဒေသထွက်ကုန်သီးနှံများ လေလွင့်ပျက်စီးမှုမရှိစေရေးအတွက် သီးနှံအခြေခံ တန်ဖိုးမြှင့် စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်နှင့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေး၊ အိမ်တွင်းတစ်ပိုင်တစ်နိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ပေါ်ထွန်းလာစေရန်နှင့် မိသားစုဝင်ငွေတိုးရေး စီမံကိန်းအဖြစ် သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းမှ ပို့ချပေးလိုက်သည့် အတတ်ပညာများကို စနစ်တကျ လေ့လာမှတ်သားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးထွေးသိမ်းက MSME လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးဆွေးနွေးပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်စန္ဒာဦးက သင်တန်းသူများအား အားပေးစကား ပြောကြားသည်။

အဆိုပါ သင်တန်းကို သင်တန်းဆရာမများက သီးနှံမျိုးစုံ ဖျော်ရည်ပြုလုပ်နည်းများ၊ သီးနှံမျိုးစုံယိုအမျိုးမျိုး ပြုလုပ်နည်းများ၊ ဂျယ်လီပြုလုပ်နည်း စသော သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုများကို ဇွန် ၁၉ ရက်မှ ဇွန် ၂၅ ရက်အထိ မြို့နယ်အတွင်းရှိ သင်တန်းသူ ၂၀ အား လက်တွေ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အောင်ဝင်းနိုင် (ပြန်/ဆက်)

○ ရှေ့ဖုံးမှ

အတော်များများကတော့ ဦးပိန်တံတားရောက်တာနဲ့ ငှက်လှေစီးလေ့ရှိကြတယ်။ ခုတလောမှာ အင်းရေနည်းတော့ ပြည်ပခရီးသွားတွေကို ခရီးသွားအေဂျင်စီတွေက မပို့ကြသေးဘူး။ လာမယ့်လမှာ အင်းရေ တိုးလာတော့မယ်ဆိုတော့ ငှက်လှေစီးသူများလာနိုင်တယ်” ဟု ၎င်းက ပြောသည်။

တောင်သမန် အင်းရေသည် ဧရာဝတီမြစ်နှင့် ဆက်စပ်နေခြင်းကြောင့် ယခုရက်ပိုင်း မြစ်ရေကျဆင်းသဖြင့် အင်းရေမှာလည်း ပြီးခဲ့သည့် သီတင်းတစ်ပတ်ကျော်ကထက် အင်းရေ ကျဆင်းသွားခဲ့ရာ လာမည့်လများတွင် မြစ်ရေတိုးလာတော့မည် ဖြစ်ကြောင်း၊ အင်းရေများပြားချိန်တွင် ဦးပိန်တံတားနှင့် တောင်သမန်အင်းအလှ ပိုမိုပြည့်စုံသဖြင့် ထိုအချိန်များ၌ ပြည်ပခရီးသွားများ လာရောက်မှုများသည့် အချိန်ဖြစ်ကြောင်း သိရသည်။

“ဝါဆို - ဝါခေါင် ရေဖောဖောင်ဆိုတဲ့ မြန်မာစကားပုံရှိတော့ လာမယ့်လက ဝါဆိုလဖြစ်လို့ မြစ်ရေတိုးလာတာနဲ့ အင်းရေလည်းတိုးလာပြီး အင်းရေပြင်လည်း ကျယ်လာမယ်။ ငှက်လှေစီးရတဲ့ အရသာက လှိုင်းတအိအိနဲ့ စီးလို့ကောင်းတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

တောင်သမန်ငှက်လှေအသင်းတွင် ငှက်လှေအစင်းပေါင်း ၄၃ စင်းရှိပြီး ငှက်လှေစီးခမှာ စီးနင်းလိုက်ပါသူဦးရေအနည်းအများနှင့် အင်းအတွင်း လှည့်ပတ်သည့် နေရာပေါ် မူတည်၍ ငွေကျပ် ၁၀၀၀၀ မှ ၁၂၀၀၀ အထိရှိကြောင်း သိရသည်။

မောင်အေးချမ်း

## ဝမ်းတွင်းမြို့နယ် ဆင်ချိုတိုင်ကျေးရွာအုပ်စု၌ ပန်းခင်းစီမံချက်(၃) ဖြင့် နိုင်ငံသားကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ဝမ်းတွင်း ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း တိကျမှန်ကန်စေရေးအတွက် ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယမန်နေ့က ဆင်ချိုတိုင် ကျေးရွာအုပ်စုရှိ အခြေခံပညာမူလတန်းကျောင်း၌ ပြုလုပ်ပေးသည်။ (ဝဲပုံ)




ထိုသို့ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားကတ် ဆောင်ရွက်ပေးခြင်းကို သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ရေးအဖွဲ့များက ရပ်ကွက်/ကျေးရွာများသို့ သတ်မှတ်ထားသော နေ့ရက်များအတိုင်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး အခြေခံပညာမူလတန်းကျောင်း (ဆင်ချိုတိုင်) သို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပန်းခင်းစီမံချက်ဖြင့် အကျုံးဝင်သော ကျောင်းသားကျောင်းသူ စုစုပေါင်း ၅၀ တို့အား ဆောင်ရွက် ပေးနိုင်ခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးစိုးမင်းထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၉**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မိုး/ဇလ

❈ ရှေ့ဖုံးမှ

မင်းဘူးမြို့ စုပေါင်းဈေးရောင်းပွဲတော်တွင် အင်္ကျီ အဝတ်အထည်၊ ဦးထုပ်၊ ဖိနပ် စသည့် လူသုံးကုန်ပစ္စည်း အမျိုးမျိုး၊ နိဗ္ဗာန်ကုန်အရောင်းဆိုင်ပစ္စည်းအမျိုးမျိုး၊ မီးဖိုချောင်နှင့် အိမ်သုံးပစ္စည်းအမျိုးမျိုး၊ ကလေးကစားစရာ အရုပ်ပစ္စည်းအမျိုးမျိုးနှင့် လက်ဆောင်ပစ္စည်းအမျိုးမျိုးတို့ကို နယ်လှည့်ဈေးရောင်းချသည့် ဈေးသည်များ၏ စားဝတ်နေရေး အဆင်ပြေစေရန် ရောင်းချခွင့်ပြုပေးရခြင်းဖြစ်ကြောင်း၊ ဈေးရောင်းပွဲတော် ဒုတိယနေ့တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်သူများဖြင့် စည်ကားပြီး စားသောက်ဆိုင်တန်းများ၊ အညာဒေသ ရိုးရာမုန့်မျိုးစုံ ဆိုင်တန်းများနှင့် ကလေးကစားကွင်းများလည်း ပါဝင်ကာ ဈေးရောင်းပွဲတော်ကာလ မည်သူမဆို လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

အဆိုပါဈေးရောင်းပွဲတော်ကြီးကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၇ ရက်မှ ၂၄ ရက်အထိ ပြုလုပ်မည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

မောင်မောင်(မင်းဘူး)

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ယူနန်ပြည်နယ် ကူမင်းမြို့နှင့် ယွိရှီမြို့တို့မှ အထင်ကရနေရာများသို့ သွားရောက်လေ့လာ



**နေပြည်တော် ဇွန် ၁၉**

(၅)ကြိမ်မြောက် လန်ချန်း-မဲခေါင် ရုပ်သံသီတင်းပတ် (5th Lancang-Mekong Audiovisual Week) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် လန်ချန်း – မဲခေါင်အဖွဲ့ဝင် နိုင်ငံများနှင့် တောင်အာရှနိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ ဇွန် ၁၈ ရက်တွင် ယူနန်ပြည်နယ် ကူမင်းမြို့နှင့် ယွိရှီမြို့တို့မှ အထင်ကရနေရာများသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဦးစွာ ဇွန် ၁၈ ရက် မနက်ပိုင်းတွင် ကူမင်းမြို့ရှိ ကူမင်းသိပ္ပံနှင့်နည်းပညာတက္ကသိုလ် (Kunmin University of Science and Technology) တွင် ဘာသာရပ်ဆိုင်ရာများအလိုက် ပညာသင်ကြားနေမှု၊ နယ်ပယ်အသီးသီးအလိုက် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်နေမှု၊ AI နည်းပညာဆိုင်ရာ သုတေသနနှင့် သိပ္ပံဓာတ်ခွဲခန်းများ ကျယ်ပြန့်စွာ လုပ်ကိုင်နေမှု၊ ဘာသာစကား ၁၀၈ မျိုး၏ ပင်ကိုအသံနှင့် ဘာသာပြန်ဆိုခြင်း လုပ်ငန်းစဉ်တွင် ဗီယက်နမ်၊ လာအို၊ မြန်မာ၊ ကမ္ဘောဒီးယားနှင့် ထိုင်းအပါအဝင် အရှေ့တောင်အာရှနှင့် အာရှဘာသာစကားများကို အထူးအလေးထားလုပ်ကိုင်နေမှုတို့ကို ကြည့်ရှုလေ့လာကြသည်။ အဆိုပါ တက္ကသိုလ်ကို ၁၉၅၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကျောင်းသား ကျောင်းသူ ၅၃၀၀၀ ကျော် တက်ရောက်လျက်ရှိပြီး ၎င်းတွင် ပြည်ပနိုင်ငံများမှ လာရောက် တက်ရောက်နေသူ ၅၈၃ ဦး ပါဝင်ကြောင်းသိရသည်။

**လှည့်လည်ကြည့်ရှုလေ့လာ**

ဆက်လက်၍ ယူနန် ရုက္ခဗေဒနှင့်ဇီဝနည်းပညာအုပ်စု (Yunnan Botanee Bio-Technology Group Co.,Ltd. သို့ သွားရောက်ကြပြီး သဘာဝပစ္စည်းများ အခြေခံပြီး သုတေသနအဆင့်ဆင့် ပြုလုပ်၍ စနစ်တကျ ထုတ်လုပ်လျက်ရှိသည့် Winona အမည်ဖြင့် အလှကုန်နှင့်အရေပြား ကျန်းမာရေးဆိုင်ရာ ပစ္စည်းများ ထုတ်လုပ်၍ ကျယ်ပြန့်စွာ ဖြန့်ချိရောင်းချမှုအား လှည့်လည်ကြည့်ရှု လေ့လာကြသည်။

**ဈေးကွက်ချဲ့ထွင်**

အဆိုပါ ကုမ္ပဏီကို ၂၀၁၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အရေပြားဆိုင်ရာ ကျန်းမာရေးနှင့် ပြည့်စုံစေရေး စောင့်ရှောက်နိုင်ရန် အထူးအလေးထားဆောင်ရွက်မှုနှင့်အတူ သုတေသနဖွံ့ဖြိုးတိုးတက်ရေး၊ ထုတ်လုပ်ရေးနှင့် ဈေးကွက်ချဲ့ထွင်ရေးအတွက် အုပ်စုဖွဲ့၍ ဆောင်ရွက်လျက်ရှိရာ Skincare လောကတွင် နှစ်ပေါင်းများစွာ ဦးဆောင်လျက်ရှိကြောင်း သိရသည်။

ညနေပိုင်းတွင် လေ့လာရေးအဖွဲ့များသည် ယွိရှီမြို့ရှိ ချွန်ကျန်း သဘာဝ ကျောက်ဖြစ်ရုပ်ကြွင်း သမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြပြီး ကျောက်ဖြစ်ရုပ်ကြွင်းအမျိုးအစား ၂၀ ခေါင်းစဉ်အောက်ရှိ မျိုးစိတ်ပေါင်း ၃၀၀ ကို သုံးထပ် အဆောက်အဦတွင် အထပ်အလိုက် အခန်းများနှင့် ပြကွက်များခွဲခြားပြုလုပ်၍ ဒစ်ဂျစ်တယ်နည်းပညာ၊ လျှပ်စစ်မီးနှင့် အသံစနစ်များ ပေါင်းစပ်ပြီး ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါပြတိုက်အား ၂၀၁၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၎င်းပြတိုက်ပုံစံသည် အာရှတွင် တစ်ခုတည်းသာရှိနေပြီး ယူနက်စကို အသိအမှတ်ပြုထားသော ကမ္ဘာ့အမွေအနှစ်တစ်ခုအဖြစ် ထင်ရှားကျော်ကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့များသည် ယွိရှီခရိုင် ချွန်ကျန်း မြို့နယ်အတွင်းရှိ မားဖန်ကျေးရွာသို့ ဆက်လက်သွားရောက်ကြပြီး ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းထားသော ပြတိုက်ငယ်နှင့် စုပေါင်းအရောင်းဆိုင်၊ ရိုးရာအစားအသောက်များ အိမ်ဆိုင်ဖွင့်လှစ်ရောင်းချမှုနှင့် တည်းခိုခန်းများ ဖွင့်လှစ်ဆောင်ရွက်မှု၊ စိုက်ပျိုးရေးအခြေခံထုတ်ကုန်များ ထုတ်လုပ်ပြီး စီစဉ်ရောင်းချမှု၊ နှစ်ရှည်စားပင်/ပန်းပင်များ အပါအဝင် ရာသီပန်းများကို အချိန်ကိုက်စိုက်ပျိုးပြသမှု၊ သဘာဝကြာကန်များနှင့် ရှုပတ်ကမ်းနားလမ်း ဖောက်လုပ်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါကျေးရွာသည် ၂၀၁၉ ခုနှစ်က ယူနန်ပြည်နယ်၏ လှပသော ကျေးရွာဆု၊ ၂၀၂၂ ခုနှစ်တွင် ကျေးရွာတစ်ခုထုတ်ကုန်တစ်ခု အမျိုးသားစံပြဆုနှင့် ၂၀၂၃ ခုနှစ်တွင် ယွိရှီမြို့၏ ကြယ်ငါးပွင့်အဆင့်ရှိသော လှပသည့်ကျေးရွာဆုများ ရရှိထားပြီး ယဉ်ကျေးမှု၊ စိုက်ပျိုးရေးနှင့် ခရီးသွားလုပ်ငန်းများအခြေခံသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု၏ တောက်ပသော စံပြကျေးရွာအဖြစ် အသိအမှတ်ပြုခံထားရပြီး ရပ်တည်နေကြောင်း သိရသည်။

ထို့နောက် ယွိရှီနှင့် ချွန်ကျန်း ဒေသရှိ ဖုဟိုင်ဝမ်ကမ်းခြေသို့ ဆက်လက်သွားရောက်ကြပြီး သဘာဝတောင်ပေါ်ရေကန်အား ပြုပြင်ထိန်းသိမ်းကာ ကမ်းခြေပတ်လမ်းနှင့် ပန်းခြံများ၊ ဖျော်ဖြေရေးအစီအစဉ်များ ဖန်တီးပေါင်းစပ်၍ စီစဉ်ဆောင်ရွက်ထားရှိမှုကို အားပေးကြည့်ရှုလေ့လာကြသည်။

**ခရီးသွားများအား ဆွဲဆောင်**

အဆိုပါ တောင်ပေါ်ရေကန်သည် စိမ့်တောဥယျာဉ် စီမံကိန်းဧရိယာအတွင်း ၈၃ ဟက်တာခန့် ကျယ်ဝန်းကာ အရှေ့နှင့်အနောက် မီတာ ၂၆၀၀ ရှည်လျားသော သာယာလှပသည့် ကမ်းခြေအဖြစ် ထင်ရှားကျော်ကြားကာ ပြည်တွင်း/ပြည်ပ ခရီးသွားများအား ဆွဲဆောင်လျက်ရှိသည်။

လေ့လာရေး အဖွဲ့များသည် ညပိုင်းတွင် ယွိရှီခရိုင် ချွန်ကျန်း မြို့ရှိ Emerald Bay ဟိုတယ်၌ ညအိပ်ရပ်နားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူးမြို့အထက(၁)နှင့်(၃)တို့၌ ကျောင်းအခြေပြု သွေးလွန်တုပ်ကွေးအသိပညာပေးဆွေးနွေးပွဲကျင်းပ



**ပဲခူး ဇွန် ၁၉**

သွေးလွန်တုပ်ကွေးဆိုင်ရာ ပညာပေး အချက်အလက်များကို ကျောင်းနေအရွယ် ကလေးများ သိရှိခြင်းအားဖြင့် ကလေးမှကလေးသို့လည်းကောင်း၊ ကလေးမှ မိဘများနှင့် ပြည်သူများသို့လည်းကောင်း သတင်းအချက်အလက်များ ရောက်ရှိစေရန်၊ ကျောင်းဖွင့်ရာသီတွင် ခြင်ကျားလောက်လမ်း ကင်းစင်ကျောင်းများဆောင်ရွက်ခြင်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဇွန် ၁၉ ရက် နံနက်ပိုင်းက ပဲခူးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတို့တွင် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး ကျောင်းအခြေပြုသွေးလွန်တုပ်ကွေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်စုစုလှိုင်က အမှာစကားပြောကြားပြီး ပဲခူး တိုင်းဒေသကြီး ရောဂါမျိုး သယ်ဆောင်သော ပိုးမွှားကောင်များမှတစ်ဆင့် ကူးစက်တတ်သော ရောဂါနှိမ်နင်းရေးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ ပန်းမာလာမြတ်ကိုက သွေးလွန်တုပ်ကွေးရောဂါ အကြောင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် ပိုးလောက်လမ်း နှိမ်နင်းရေး လုပ်နည်းလုပ်ဟန်များအကြောင်းကို ဆွေးနွေးသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ကျောင်းကျန်းမာရေးဌာနမှ ဒေါက်တာ အိန်ဂျလင်းက ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့် ပတ်သက်၍ အသိပညာပေး ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေး ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပူးပေါင်းပြီး ကျောင်းအတွင်း ခြင်ပေါက်ပွားနိုင်သောနေရာများအား ရှင်းလင်းခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ကြသည်။

ဆက်လက်၍ အမှတ် (၃) အခြေခံ ပညာအထက်တန်းကျောင်း ဝိုင်အမ်ဘီအေခန်းမ၌လည်း အဆိုပါအခမ်းအနားကျင်းပရာ ကျောင်းအုပ်ဆရာမကြီးက အမှာစကား ပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ပန်းမာလာမြတ်ကိုနှင့် တိုင်းဒေသကြီး ကျောင်းကျန်းမာရေးဌာနမှ ဒေါက်တာ အိန်ဂျလင်းတို့က သွေးလွန်တုပ်ကွေး ရောဂါအကြောင်းနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးဟောပြောကြသည်။

ပဲခူးတိုင်းဒေသကြီးတွင် ၂၀၂၃ ခုနှစ်တွင် သွေးလွန်တုပ်ကွေး ဖြစ်ပွားသူပေါင်း ၅၁၂ ဦးရှိပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဇွန် ၆ ရက်အထိ ဖြစ်ပွားသူပေါင်း ၁၅ ဦး ရှိနေပြီဖြစ်ကြောင်း သိရသည်။

**သက်ထက်**



သာစည်မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၈ ရက်က ဘုရားငါးဆူကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်မင်းဦးနှင့် တာဝန်ရှိသူများက မြို့နယ်ပညာရေးမှူး ဦးလှထွန်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်မြ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ပြည်သူများထံ ပျိုးပင်များပေးအပ်ပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘုရားငါးဆူကျေးရွာရှိ အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက စုစုပေါင်းသစ်ပင် ၁၅၀၀ အား စိုက်ပျိုးစဉ်။ မြို့နယ်(ပြန်/ဆက်)

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့**
**သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# စိုက်ပျိုးကဏ္ဍဖွံ့ဖြိုးဖို့ သမဝါယမအားဖြင့် စုပေါင်းဆောင်ရွက်ကြပါစို့

**ကမ္ဘာတစ်လွှားတွင် သမဝါယမစီးပွားရေးစနစ် ပိုမိုလူသိများ အောင်မြင်လာခဲ့သည့် အဓိကအကြောင်းရင်းတစ်ချက်မှာ ၂၀၀၉ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ဘဏ္ဍာရေးနှင့် စီးပွားရေးအကျပ်အတည်းကာလအတွင်း သမဝါယမစနစ်သည် မပြိုလဲဘဲ ကြံ့ကြံ့ခံရပ်တည်နိုင်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။**

ဆိုဖီယာ

အရှုပ်အထွေးများနှင့် အကျပ်အတည်းဖြစ်ပွားနေသည့် ကာလများအတွင်းတွင် သမဝါယမလုပ်ငန်းများကို လူ့အဖွဲ့အစည်းတစ်ရပ်လုံးက ထွက်ပေါက်တစ်ရပ်အဖြစ် မြင်ခဲ့ကြပါသည်။ လေ့လာမှုများအရ သမဝါယမအဖွဲ့အစည်းများ၏ ကောင်းမွန်သော လုပ်ဆောင်ချက်များကြောင့် ၎င်းတို့၏ အမှတ်လက္ခဏာကို ပိုမိုသတိမူလာစေခဲ့ပါသည်။ သမဝါယမအဖွဲ့အစည်းဆိုင်ရာ လုပ်ဆောင်ချက်များကို ပိုမိုစိတ်ဝင်စားမှုဖြစ်လာအောင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကလည်း လှုံ့ဆော်ပေးနိုင်ခဲ့ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့သည် ၂၀၁၂ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ်အဖြစ် ကြေညာခဲ့ပြီးနောက် စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် သမဝါယမလုပ်ငန်းများ၏ အရေးပါမှုကို ကမ္ဘာတစ်ဝန်းလုံးတွင် အသိအမှတ်ပြုလာကြပါသည်။

**အားနည်းချို့ယွင်းချက်များရှိခဲ့**

၁၉၀၄ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အိန္ဒိယနိုင်ငံအစိုးရ၏ သမဝါယမငွေစုငွေချေးအသင်းများဆိုင်ရာ အက်ဥပဒေအမှတ်(၁၀)အရ အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုဖြစ်သော မြန်မာနိုင်ငံသည်လည်း အကျုံးဝင်ခဲ့ပါသည်။ ၁၉၀၄ ခုနှစ်တွင် စတင်ခဲ့သည့် မြန်မာ့သမဝါယမသည် အထူးသဖြင့် မြန်မာနိုင်ငံ၏ ကျေးလက်နေပြည်သူများနှင့် မြို့ပြနေ အခြေခံပြည်သူများ၏ ပကတိအရှိတရား (Reality)အရ ၎င်းတို့၏ လိုအပ်ချက်(Needs)နှင့် ကိုက်ညီလျက်ရှိပါသည်။ ၃-၁-၁၉၀၅ ရက်တွင် စစ်ကိုင်းခရိုင် မြင်းမူ ငွေစုငွေချေးသမဝါယမအသင်းကို အသင်းသား ၉၀ ဖြင့် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ထိုအချိန်မှစ၍ မြန်မာနိုင်ငံတွင် သမဝါယမအသင်းအဖွဲ့များ စတင်ပေါ်ပေါက်ခဲ့ပါသည်။ မြန်မာ့သမဝါယမသမိုင်းသည် ယနေ့အထိ နှစ်ပေါင်း ၁၂၀ နီးပါးသက်တမ်းရှိပြီဖြစ်သည်။ ခေတ်အဆက်ဆက်၊ စနစ်အသီးသီးဖြတ်ကျော်ခဲ့ပြီး အားသာချက်၊ အားနည်းချက်များ ရှိခဲ့သော်လည်း အားနည်းချို့ယွင်းချက်များသောကြောင့် ပြည်သူအများက သမဝါယမစနစ်အပေါ် ယုံကြည်မှု အားနည်းခဲ့ပါသည်။ မည်သို့ ဆိုစေ -

**အတိတ်ကအရိပ်မည်း စိတ်စွဲလို့ထား...**
**အရင်လို မကြိုးစား ဒုံရင်းပါလား...**
**မနေ့ကပြဿနာ... ဒီနေ့သင်ခန်းစာ...**
**ပြုပြင်ကာ ဆောင်ရွက်...**
**လက်တွဲကာ ပူးပေါင်းလို့ သမဝါယမပန်းတိုင်ဆီသို့...။ ။**

ခေတ်အဆက်ဆက် သမဝါယမ...သမဝါယမ...ဟု အပြုသဘောဆောင်သူတွေက တစ်မျိုး၊ အပြုသဘောမဆောင်သူတွေက တစ်ဖုံ အမျိုးမျိုး ပြောဆိုနေကြသည်ကို အားလုံးအသိပဲဖြစ်ပါသည်။ သမဝါယမဆိုသည်မှာ လူအချင်းချင်း ပူးပေါင်းပြီး ပါဝင်သူများ၏ လူမှုရေးနှင့် စီးပွားရေးကို မြှင့်တင်ပေးနိုင်ရန် ဆောင်ရွက်သည့်အသင်းအဖွဲ့ဖြစ်၍ လူကိုအခြေခံထားပြီး လူ၏တန်ဖိုးများကို အလေးထားသည့် လူ့ကျင့်ဝတ်များကို ထိန်းသိမ်းလိုက်နာစေသည့် လူမှုစီးပွားရေး (Socio Economy) ပူးပေါင်းဆောင်ရွက်မှု အသင်းအဖြစ် ဖွဲ့စည်းဆောင်ရွက်ခြင်းလည်းဖြစ်ပါသည်။ သို့သော် သမဝါယမကတော့ ပြည်သူများ၏ လိုအပ်ချက်များ(Need)ကို စဉ်းစားတွေးခေါ် အမြော်အမြင်ကြီးစွာဖြင့် ဆောင်ရွက်နေသည်ကို မိမိသိသမျှ မျှဝေခြင်းဖြစ်ပါသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားမှု၊ သမဝါယမဦးစီးဌာန၏အကောင်အထည်ဖော်မှုဖြင့် ကျေးလက်နေ ပြည်သူများ ဝင်ငွေတိုးပွားရေးနှင့် အသင်းသားတောင်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ပိုမိုလုပ်ကိုင်လာနိုင်အောင်၊ အထွက်တိုးလာအောင် ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

ဤသို့လုပ်ကိုင်ရာတွင် သမဝါယမစနစ်ဖြင့် အမှန်တကယ်အလုပ်လုပ်သူများ၊ ဆန္ဒတူသူများ လုပ်ငန်းတူရာအလိုက် ကျေးရွာအလိုက် စုပေါင်းပြီး သမဝါယမအသင်းများ ဖွဲ့စည်းပြီး တောင်သူများ၏ လိုအပ်ချက်များကို အလေးထား ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။ သီးနှံအထွက်တိုးရန် လုပ်ဆောင်ရာမှာလည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးလုံး ကောင်းမွန်အောင် ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းပြီးသော အသင်းများတွင် အသင်းသားတောင်သူများ လိုအပ်သော မျိုးကောင်းမျိုးသန့်ရရှိရေး၊ သွင်းအားစုပံ့ပိုးပေးနိုင်ရေး၊ ထွက်ရှိလာသော သီးနှံများကို ဈေးကွက်ဈေးနှုန်း ခိုင်မာမှုရရှိအောင် ပေါင်းစပ်လုပ်ဆောင်ပေးလျက်ရှိပါသည်။

> **“ အချို့သမဝါယမအသင်းများသည် စုပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို တစ်ဦးတစ်ယောက်အတွက် နစ်နာသည်ဟုယူဆခြင်း၊ မိမိကိုယ်ကျိုးအတွက် ကြည့်ခြင်း၊ ပရဟိတစိတ်မရှိခြင်း စသည့် အချက်များကိန်းအောင်းနေမှုကို ဖယ်ရှားပေးရမည်ဖြစ်ပါသည်။ သမဝါယမဦးစီးဌာနသည် သမဝါယမအသင်းများအား စည်းရုံးဆောင်ရွက်ခြင်း၊ ပညာပေးခြင်းနှင့် ထိန်းကျောင်းတည့်မတ်ခြင်းလုပ်ငန်းများကို ယခင်ကထက်ပို၍ လုပ်ဆောင်ကြရမည်ဖြစ်ပါသည် ”**

နိုင်ငံတကာအတွေ့အကြုံရရှိပြီး လက်တွေ့ပေါင်းစပ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဗီယက်နမ်နိုင်ငံရှိ အောင်မြင်နေသော သမဝါယမအသင်းနှင့် လုပ်ငန်းဆောင်ရွက်နေသော နည်းစနစ်များကို လေ့လာနိုင်ရန်အတွက် မိမိအပါအဝင် သမဝါယမဦးစီးဌာနမှ အရာထမ်း ရှစ်ဦးကိုလည်း လေ့လာရေးသွားရောက်စေခဲ့ပါသည်။

**ဗီယက်နမ်မှ သမဝါယမအသင်းများ**

ဗီယက်နမ်နိုင်ငံရှိ သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်တွင်ရှိပြီး သမဝါယမနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် သမဝါယမအသင်းများကို သတင်းအချက်အလက်နှင့် နည်းပညာများ မျှဝေပေးကြောင်း၊ အသင်းများမှ အကူအညီတောင်းခံလာပါက ညှိနှိုင်းပေါင်းစပ် ချိတ်ဆက်ဆောင်ရွက်ပေးကြောင်း၊ သမဝါယမအသင်းများ အနေဖြင့် ICA မူများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ဗီယက်နမ်နိုင်ငံတွင် သမဝါယမအသင်း ၃၀၀၀၀ ကျော်ရှိသည့်အနက် အသင်း ၂၀၀၀၀ ကျော်မှာ စိုက်ပျိုးရေး သမဝါယမအသင်းများဖြစ်ကြောင်း၊ သမဝါယမအသင်းများမှ စိုက်ပျိုးထုတ်လုပ်သည့် လူသုံးကုန်၊ စားသောက်ကုန်များကို ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်တွင် ရောင်းချနိုင်ရေး သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိခဲ့ရပါသည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် သစ်တောထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများနှင့် ဆန်စပါးတို့ကို ပြည်ပသို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိပြီး ဗီယက်နမ်နိုင်ငံအနေဖြင့် လယ်သမား ကိုးသန်းကျော်ရှိရာ ၃ ဒသမ ၇ သန်းသည် သမဝါယမအသင်းသားဖြစ်ကြောင်း သိရှိခဲ့ရပါသည်။

ဗီယက်နမ်နိုင်ငံရှိ Binh Dinh Agricultural Cooperative အသင်းသည် ၁၉၆၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး Rural Development Multi Purpose business အသင်းအဖြစ် ဆောင်ရွက်လျက်ရှိပြီး အသင်းသားဦးရေ ၃၁၅၆ ဦးဖြင့် အသင်း၏လုပ်ငန်းများကို မတည်ငွေ ဗီယက်နမ် ဒေါင် ၁၁၅၀၀ ဘီလီယံဖြင့် အသင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၂ ခုနှစ်တွင် အသင်းမှ နိုင်ငံတော်သို့ ဗီယက်နမ်ဒေါင် ၁၅၇ ဒသမ ၉၈ သန်း အခွန်အခပေးသွင်းနိုင်ခဲ့ကြောင်း၊ အမှုဆောင် (BOD) သုံးဦး၊ Supervisory နှစ်ဦးနှင့် ငွေကြေးကော်မတီ သုံးဦးဖြင့် ဖွဲ့စည်းထားရှိပြီး အသင်းဝန်ထမ်း ၃၃ ဦးနှင့် ကျန်းမာရေးနှင့် လူမှုရေးအာမခံလုပ်ငန်းအတွက် ၁၆ ဦးတို့ရှိကြောင်း သိရှိခဲ့ရပါသည်။

အသင်းမှရရှိလာသည့် အမြတ်ငွေများကို အသင်းသားများသို့ ခွဲဝေပေးခြင်းမပြုဘဲ အသင်းတွင် ရင်းနှီးမြှုပ်နှံမှုထည့်သွင်းစေပြီး အသင်းသားများ၏ ထည့်ဝင်ငွေအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ အသင်းသားများအနေဖြင့် စက်ပစ္စည်းများကို ရောင်းဈေးထက် ၅၀ ရာခိုင်နှုန်း လျှော့နည်းသက်သာစွာဖြင့် ဝယ်ယူခွင့်ရရှိခြင်း၊ အသင်းက ဝန်ဆောင်မှုပေးခြင်းများကို ခံစားရရှိခြင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်သည့် နည်းပညာများ၊ ရိတ်သိမ်းခြင်းနည်းပညာများ၊ စက်မောင်းနည်းပညာများ အခမဲ့သင်ယူခွင့်ရရှိခြင်း၊ စိုက်ပျိုးသည့်သီးနှံများမှ ထွက်ရှိသည့်ပစ္စည်းများကို ပြည်တွင်းစားသုံးခြင်းအပြင် ပြည်ပသို့ တင်ပို့ရောင်းချနိုင်ခြင်း၊ မျိုးစေ့ထုတ်လုပ်ရောင်းချနိုင်ခြင်း၊ မျိုးစေ့များကို တစ်နှစ်လျှင် ၁ ဒသမ ၃ တန် ပြည်ပသို့တင်ပို့နိုင်ခြင်း၊ စိုက်ပျိုးမြေဧက ၅၅၀ ဟက်တာရှိပြီး စပါးနှင့် အခြားသီးနှံများကို တစ်နှစ် နှစ်ကြိမ်စိုက်ပျိုးကြောင်း၊ မြေသြဇာအသုံးပြုမှုအနေဖြင့် သဘာဝမြေသြဇာကိုသာ အဓိကထားသုံးစွဲကြောင်း၊ အသင်းသားများ၏ စိုက်ပျိုးရေးထုတ်ကုန်များကို ဈေးကွက်အထိရောက်အောင်အသင်းက ဆောင်ရွက်နိုင်ကြောင်း လေ့လာသိရှိရပါသည်။

စိုက်ပျိုးစဉ်ကာလမှပင် ဈေးကွက်တင်ပို့နိုင်သည့် ထုတ်ကုန်များဖြစ်စေရေး စနစ်တကျစိုက်ပျိုးထုတ်လုပ်ကြောင်း၊ Science and Technology လုပ်ငန်း၊ Agriculture Product Marketing လုပ်ငန်း၊ Market Management လုပ်ငန်း၊ Plants and Production လုပ်ငန်း၊ Water Resource လုပ်ငန်း၊ Material Supply လုပ်ငန်း၊ Farming Machine လုပ်ငန်း၊ Internal Credit လုပ်ငန်း၊ Veterinary လုပ်ငန်း၊ Collection Management လုပ်ငန်း၊ Cultivation လုပ်ငန်း၊ Land for Rent လုပ်ငန်း စသည့်အမျိုးအစား ၁၂ မျိုး ဆောင်ရွက်လျက်ရှိပြီး အသင်းသားများအတွက် အမှုဆောင်အဖွဲ့ဦးဆောင်မှုဖြင့် လုပ်ငန်းအလိုက်ကြီးကြပ်သူများဖြင့် အောင်မြင်စွာ ဆောင်ရွက်နေကြောင်း တွေ့ရှိခဲ့ရပါသည်။

**သမဝါယမပုံရိပ်ကို အောင်မြင်စွာဆောင်ရွက်နေ**

စိုက်ပျိုးရေးနည်းပညာ Value Chain နှင့် ကုန်ပစ္စည်းများဈေးကွက်သို့ တိုက်ရိုက်ရောင်းချခြင်းအထိပါ တိုးချဲ့ဆောင်ရွက်နိုင်ခြင်း၊ စပ်မျိုးစပါးများကို စိုက်ပျိုးခြင်းဖြစ်ပြီး တစ်ဧက အထွက်နှုန်းတင်း ၂၀၀ ကျော်ရှိပြီး တစ်နှစ်တွင် သုံးသီး စိုက်ပျိုးနိုင်ခြင်း၊ လယ်ယာမြေများကို Soil Test ပြုလုပ်၍ လယ်မြေအခြေအနေနှင့်ကိုက်ညီသော သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာတို့ကို ထည့်သွင်းအသုံးပြုလျက်ရှိပြီး စိုက်ပျိုးထားသည့် အချိန်တွင် အချိန်နှင့်တစ်ပြေးညီ အပင်များကိုပြုစု၍ စနစ်တကျစိုက်ပျိုးနိုင်ခြင်း၊ စပ်မျိုးစပါးအမျိုးအစား ၁၀၀ ကျော်ကို စိုက်ပျိုးရေးသုတေသနမှ တောင်သူများသို့ ဖြန့်ဝေပေးလျက်ရှိပြီး ယင်းမျိုးများအနက် လယ်မြေအခြေအနေနှင့်ကိုက်ညီသည့် မျိုးများ ရယူသုံးစွဲလျက် သဘာဝမြေသြဇာများကိုသာ အသုံးပြုခြင်း၊ ထွက်ရှိလာသည့် သီးနှံများကိုလည်း ဈေးကွက်ရအောင် စုပေါင်းရောင်းချသည့်စနစ်၊ စုပေါင်းလုပ်ကိုင်သည့်စနစ်ဖြင့် သမဝါယမပုံရိပ်ကို အောင်မြင်စွာ ဆောင်ရွက်နေသည်ကို တွေ့ရှိခဲ့ရပါသည်။

လက်ရှိအချို့သမဝါယမအသင်းများသည် စုပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို တစ်ဦးတစ်ယောက်အတွက် နစ်နာသည်ဟုယူဆခြင်း၊ မိမိကိုယ်ကျိုးအတွက် ကြည့်ခြင်း၊ ပရဟိတစိတ်မရှိခြင်း စသည့် အချက်များကိန်းအောင်းနေမှုကို ဖယ်ရှားပေးရမည်ဖြစ်ပါသည်။ သမဝါယမဦးစီးဌာနသည် သမဝါယမအသင်းများအား စည်းရုံးဆောင်ရွက်ခြင်း၊ ပညာပေးခြင်းနှင့် ထိန်းကျောင်းတည့်မတ်ခြင်းလုပ်ငန်းများကို ယခင်ကထက်ပို၍ လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် မြန်မာနိုင်ငံအတွင်းရှိ အသင်းသားတောင်သူများ၊ အမှုဆောင်အဖွဲ့များအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိခြင်း၊ စာရင်းရှင်းခံနိုင်ခြင်း၊ စွန့်စားမှုများအတွက် စီမံခန့်ခွဲနိုင်စွမ်းရှိခြင်း၊ ထိန်းချုပ်ကွပ်ကဲခြင်း၊ ပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲမှုကို ပိုင်းခြားထားခြင်း၊ ငွေကြေးပိုင်ဆိုင်မှုအပေါ်တွင် အခြေမခံဘဲ အသင်းသားဖြစ်မှုအပေါ်တွင် အခြေခံခြင်း၊ ပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲမှုပိုင်းခြားထားခြင်းကို ခိုင်မာစေခြင်း၊ လူမှန်နေရာမှန်ထားရှိစေခြင်း၊ စီမံခန့်ခွဲသူများ၏ ဆုံးဖြတ်ချက်အပေါ် ယုံကြည်မှုရှိခြင်း၊ အသင်းသားများ၏ အကျိုးစီးပွားအတွက် ဆုံးဖြတ်ချက်များ ချမှတ်ရန် စီမံခန့်ခွဲခြင်း စသည့်အချက်များကို အလေးထားဆောင်ရွက်သင့်ပါကြောင်းနှင့် ဗီယက်နမ်နိုင်ငံရှိ သမဝါယမအသင်းကဲ့သို့ စုပေါင်းဆောင်ရွက်၍ အင်အားတောင့်တင်းသည့် သမဝါယမအသင်းများအဖြစ် အတုယူဆောင်ရွက်သင့်ပါသည်။

သမဝါယမအသင်းများသည် Social Business, Social Enterprise များဖြစ်သည့် အားလျော်စွာ စီးပွားရေးလုပ်ငန်းဆောင်ရွက်ပြီး လူမှုရေးတာဝန်ကျေပွန်သော အဖွဲ့အစည်းများဖြစ်၍ လွတ်လပ်သော ဆန္ဒဖြင့်အများအကျိုး၊ အသင်းသားများ၏ အကျိုးအတွက် ဦးထိပ်ထားပြီး ဆောင်ရွက်သော အသင်းများအဖြစ် ပြုပြင်ပြောင်းလဲဆောင်ရွက်မည်ဆိုပါက အနာဂတ်သမဝါယမများ လှပနိုင်မည်မှာ မလွဲကေန်ဖြစ်ပါကြောင်းနှင့် သမဝါယမအသင်းများအား နိုင်ငံတော်၏ပံ့ပိုးမှု၊ အသင်းသားတောင်သူများ၏ ဆန္ဒအရ လက်တွေ့ပါဝင်မှု၊ အမှုဆောင်များ၏ ခိုင်မာသောဝန်ဆောင်မှုများပူးပေါင်းကာ ခိုင်မာအားကောင်းသည့် သမဝါယမများ ပေါ်ပေါက်စေနိုင်ရန် ရည်ရွယ်ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ပေါင်းလောင်း ရေလှောင်တမံ ရေပိုလွှဲတွင် ဟိုက်ဒရောလစ်ရေမြှင့် ရေတံခါး တပ်ဆင်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက်ဧရိယာ၌ ပုဂ္ဂလိကမျိုးစေ့ထုတ်ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည့် ဝါနှင့် နှမ်းသီးနှံမျိုးစေ့ထုတ် စိုက်ကွင်း၏ ဖြစ်ထွန်းအောင်မြင်နေမှုနှင့် မျိုးစေ့သန့်စင်ထုပ်ပိုးခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မျိုးစေ့ထုတ်လုပ်ငန်းမှ ရင်းနှီးမြှုပ်နှံမှုနှင့် ထိုက်တန်သည့် ပုဂ္ဂလိကအကျိုးအမြတ်ရရှိရေးနှင့် တောင်သူ့ အကျိုးဖြစ်ထွန်းရေးအတွက် မျှတစွာစီမံဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ်ရှိ ပေါင်းလောင်းရေလှောင်တမံ ရေပိုလွှဲတွင် ဟိုက်ဒရောလစ်ရေမြှင့်ရေတံခါး Hydraulic Elevator Dam (HED) တပ်ဆင်ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ရှိသူများက စီမံကိန်းအဆင့်လိုက်ဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှု၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးမြောက်စေရန် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ တမံနှင့် ရေပိုလွှဲကို စောင့်ကြည့်ထိန်းချုပ်ခြင်းကို နေပြည်တော်ရုံးချုပ်မှ တိုက်ရိုက်ဆောင်ရွက်နိုင်ရန်နှင့် တမံတွင် အလှည့်ကျတာဝန်ချထားဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရေပိုလွှဲတွင် ဟိုက်ဒရောလစ်ရေမြှင့် ရေတံခါး Hydraulic Elevator Dam (HED) တပ်ဆင်ခြင်းလုပ်ငန်းကို သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်ဝစွာ ဆောင်ရွက်ပြီးစီးရေး၊ တမံအတွင်းရေသိုလှောင်မှုနှင့် ရေအားလျှပ်စစ်ထုတ်ယူခြင်းလုပ်ငန်းအချိတ်အဆက်မိမိ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး HED တပ်ဆင်သည့် အင်ဂျင်နီယာပညာရှင်အဖွဲ့အတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၏ ညှိနှိုင်းအဆိုပြုချက်အရ နှစ်စဉ်ရေအားလျှပ်စစ်ယူနစ် ၉၁၁ သန်း ထုတ်လုပ်လျက်ရှိသည့် ပေါင်းလောင်းတမံ၏ ရေပိုလွှဲတွင် အလျား ၁၄၀ ဒသမ ၅ မီတာ၊ ၁ ဒသမ ၅ မီတာအမြင့် ဟိုက်ဒရောလစ်ရေမြှင့်ရေတံခါး Hydraulic Elevator Dam (HED) တပ်ဆင်ပြီး မူလကန်ရေပြည့်ရေလှောင်ပမာဏ ၅ ဒသမ ၄၉ သိန်း ဧကပေမှ သိန်းဧကပေ ၅ ဒသမ ၇၀ အထိ ရေလှောင်ပမာဏ ဧကပေ ၂၁၀၀၀ခန့် ပိုမိုသိုလှောင်၍ နှစ်စဉ် ယူနစ်ရှစ်သန်း ပိုမိုထုတ်လုပ်ကာ စုစုပေါင်း ရေအားလျှပ်စစ်ယူနစ် ၉၁၉ သန်း ထုတ်လုပ်နိုင်ရေးအတွက် ယခုစီမံကိန်းကို ဆောင်ရွက်ခြင်းဖြစ်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စီမံကိန်းလုပ်ငန်းအားလုံး ပြီးစီးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျည်တောင်ကန်ကျေးရွာအုပ်စုတွင် မိုးစပါးစိုက်ပျိုးနေကြသည့် တောင်သူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဆည်ရေသောက်ဧရိယာပြင်ပရှိ စိုက်ပျိုးမြေများတွင် ဆောင်းသီးနှံအောင်မြင်စွာ စိုက်ပျိုးနိုင်ရေးအတွက် မြေအောက်ရေကို နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် ထုတ်ယူအသုံးပြုနိုင်ရေးအတွက် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ကျန်းမာရေးဝန်ကြီးဌာနပူးပေါင်း၍ ကျန်းမာရေးအသိပညာမျှဝေဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၉**

ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အသိပညာမျှဝေဆွေးနွေးပွဲအစီအစဉ် (Knowledge Sharing Program-KSP) အရ ကျင်းပသည့် "ဆီးချိုသွေးချိုနှင့် သွေးတိုးရောဂါအကြောင်း သိကောင်းစရာ" ခေါင်းစဉ်ဖြင့်ကျင်းပသည့် ဆွေးနွေးပွဲ အမှတ်စဉ် (၄၂) ကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲသို့ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံးတို့မှ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများက အွန်လိုင်းဖြင့်တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ယခုဆွေးနွေးပွဲမှ တစ်ဆင့် ဆီးချိုနှင့် သွေးတိုးရောဂါဖြစ်ပွားရသည့် အကြောင်းရင်းများ၊ ကြိုတင်ကာကွယ်လိုက်နာသင့်သည့် အချက်များ၊ နေ့စဉ်ဘဝတွင် နေထိုင်စားသောက်မှုပုံစံများအပြင် ကျန်းမာရေးအပေါ် Climate Change ၏ အကျိုးသက်ရောက်မှုများကိုလည်း သိရှိခွင့်ရမည်ဖြစ်၍ တစ်ဦးချင်း သာမက မိသားစုနှင့် လူ့အသိုက်အဝန်း (Society) အတွက်လည်း ကျန်းမာရေးဆိုင်ရာဗဟုသုတများကို ကောင်းစွာသိရှိထားခြင်းဖြင့် ကျန်းမာစွာနေထိုင်သွားနိုင်မည့် နည်းလမ်းများအတိုင်း လိုက်နာနိုင်မည်ဖြစ်သဖြင့် များစွာအကျိုးကျေးဇူးရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဆေးရုံအုပ်ကြီး ပါမောက္ခဒေါက်တာရဲမြင့်က "ဆီးချိုသွေးချိုနှင့် သွေးတိုးရောဂါအကြောင်း သိကောင်းစရာ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သံလွင်ထွန်းက "Key Notes on Climate Change and Global Health" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြပြီး ဆီးချိုသွေးချိုနှင့် သွေးတိုးရောဂါဆိုင်ရာ ကြိုတင်ကာကွယ်ရေး နည်းလမ်းများ၊ သတိပြုလိုက်နာဆင်ခြင်ရမည့် ဆောင်ရန်၊ ရှောင်ရန်များ၊ Climate Change ကြောင့် ကျန်းမာရေးအပေါ်တွင် သက်ရောက်နိုင်သည့်အချက်များ စသည်တို့ကိုလည်း ထည့်သွင်းရှင်းလင်းဆွေးနွေးပေးကြပြီး ဆွေးနွေးပွဲတက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့အတူ နံနက်ပိုင်းတွင်လည်း နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဆေးပေးခန်း၌ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်ဦးဆောင်သောအဖွဲ့က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းများ၏ သွားနှင့်ခံတွင်းဆိုင်ရာရောဂါများ စစ်ဆေးကုသပေးခြင်းနှင့် ဆီးချိုသွေးချိုစစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေပြည်သာမြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် ယာယီရွှေ့ပြောင်းနေထိုင်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်



**ရွှေပြည်သာ ဇွန် ၁၉**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးသောင်းမိုးနှင့် ဝန်ထမ်းများသည် အမှတ် (၂၇) ရပ်ကွက်(လှော်ကား)ရှိ ယာယီရွှေ့ပြောင်းနေထိုင်သူမိဘပြည်သူများအား ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်များကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောသန့်ဇင်ဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးသောင်းမိုးနှင့် အမှတ် (၂၇) ရပ်ကွက် (လှော်ကား) အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသန်းတို့က သွားရောက်ကြည့်ရှု၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ရောဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် အမှတ်(၃)ရပ်ကွက် ဖလမ်းနှင့်ဦးစန္ဒာလမ်းထောင့်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း လူထုအသိပညာပေးဆိုင်းဘုတ်စိုက်ထူခြင်းအခမ်းအနားကို ဇွန် ၁၈ ရက်က ကျင်းပစဉ်။ (အဆိုပါအသိပညာပေးဆိုင်းဘုတ်စိုက်ထူခြင်းအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။) မြို့နယ်(ပြန်/ဆက်)

# နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက သောဠသမရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရအား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်



**မန္တလေး ဇွန် ၁၉**

နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ဆရာတော်ဒေါက်တာဘဒ္ဒန္တဉာဏိ ဿရအား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ယနေ့ညနေပိုင်းက သွားရောက် ဖူးမြော်ခဲ့သည်။

မန္တလေးတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်း ဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် သီတဂူ ဝိပဿနာ အကယ်ဒမီကျောင်း၊ သီတဂူစန္ဒြကန္တိကျောင်းဆောင်သို့ ရောက်ရှိပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က ဆရာ တော်ကြီးအား ဖူးမြော်ကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပုဂံ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ တန်ခိုးကြီးဘုရားများ နှင့်စေတီများရှိ သမိုင်းတန်ဖိုး ကြီးမားသည့် ရှေးဟောင်းအမွေ အနှစ်လက်ရာများ ဖော်ထုတ်ရေး၊ ရှေးမူမပျက် ရေရှည်တည်တံ့ အောင် ထိန်းသိမ်းရေးလုပ်ငန်းများ နှင့် စပ်လျဉ်းသည့် သာသနာရေး ဆိုင်ရာများ လျှောက်ထား၍ သီတဂူ ဆရာတော်ကြီးထံက သြဝါဒများခံယူပြီး လှူဖွယ်ပစ္စည်း များနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် အား ရုရှားနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ



**တောင်ကြီး ဇွန် ၁၉**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်သည် ဇွန် ၁၉ ရက်က တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရရုံးခန်းမ၌ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး H.E.Mr.Iskander Azizov နှင့် အလုပ်သဘော တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာ နိုင်ငံဆိုင်ရာ ရုရှားသံအမတ် ကြီးက ပင်းပက်စက်ရုံကို သွားရောက်လေ့လာခဲ့ပြီး စက်ရုံ လည်ပတ်နိုင်ရန် တွန်းအားပေး ခဲ့ပါကြောင်း၊ စဝ်စံထွန်းဆေးရုံကို လည်း လေ့လာမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်သည် သဘာဝရှုခင်း များနှင့် လှပကြောင်း၊ ပြည်နယ် သည် လူမျိုးပေါင်းစုံ၊ ဘာသာ ပေါင်းစုံ နေထိုင်သည့်အတွက် ရုရှားနိုင်ငံနှင့် တူပါကြောင်း၊ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံ ချစ်ကြည်ရေး ပိုမိုကောင်းမွန် အောင် ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ပြည်နယ် ဝန်ကြီးချုပ်က ရုရှားနိုင်ငံနှင့် မြန်မာ နိုင်ငံသည် ရှေ့ဆက်ပြီး နိုင်ငံ အချင်းချင်း ဘက်ပေါင်းစုံတိုးတက် အောင်မြင်အောင် ဆောင်ရွက် သွားနိုင်မည်ဟု ယုံကြည်ပါ ကြောင်း၊ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်သည့်အပြင် ပြည်သူအချင်းချင်း ခရီးသွား လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပင်းပက်စက်ရုံကို အမြန်ဆုံး လည်ပတ်နိုင်အောင် ဆောင်ရွက် ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ရုရှား နိုင်ငံမှ စဝ်စံထွန်းဆေးရုံအပြင် တောင်ကြီးမြို့ရှိ ပြည်သူများ အတွက် သောက်ရေ၊ သုံးရေ ရေကန်များကိုလည်း တည် ဆောက်ပေးခဲ့၍ လက်ရှိအချိန် အထိ မြို့ပေါ်နေပြည်သူများက သောက်ရေ၊ သုံးရေကို အသုံးပြု နေပါကြောင်း၊ ယင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း ဆွေးနွေး သည်။ ထို့နောက် နှစ်နိုင်ငံ အပြန်အလှန် အမှတ်တရ လက်ဆောင်ပေးအပ်ကြကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**



# မြန်မာ-တရုတ်နှစ်နိုင်ငံ အရပ်ဘက်အဖွဲ့အစည်းများမှ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ် ထုတ်ပြန်ခြင်း နှစ်(၇၀)ပြည့်အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၁၉**

မြန်မာ-တရုတ်နှစ်နိုင်ငံ အရပ် ဘက်အဖွဲ့အစည်းများမှ ဦးစီး ကျင်းပသည့် ငြိမ်းချမ်းစွာ အတူ ယှဉ်တွဲနေထိုင် ရေးမူကြီး(၅)ရပ် ထုတ်ပြန်ခြင်း နှစ် (၇၀) ပြည့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက အလုံမြို့နယ် ရှိ တရုတ်ယဉ်ကျေးမှုစင်တာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ဆိုင်ရာ တရုတ်သံရုံးမှ နိုင်ငံရေးရာ သံမှူး Ms.Qiao Li က အမှာစကား ပြောကြားသည်။ ထို့နောက် ဦးနု-ဒေါ်မြရီ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းနုနှင့် တရုတ်-မြန်မာ နှစ်နိုင်ငံ အရပ်ဘက်အဖွဲ့အစည်း များမှ တာဝန်ရှိသူတို့က အမှာ စကားများ ပြောကြားကြ သည်။ ယင်းနောက် ခင်းကျင်းပြသထား သည့် "Nihao China မင်္ဂလာ အဖြာဖြာဆုံစည်းရာ လက်ဖက် ရည်ကြမ်း အနုပညာခရီးသွား" ဓာတ်ပုံပြပွဲကို ကြည့်ရှုလေ့လာကြ သည်။

မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို ၁၉၅၀ ပြည့်နှစ်တွင် စတင်ခဲ့ပြီး နှစ်နိုင်ငံ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင် ရေး မူကြီး (၅) ရပ်ဖြစ်သည့် နိုင်ငံ တစ်နိုင်ငံ၏နယ်နိမိတ်နှင့် အချုပ် အခြာအာဏာကို အခြားတစ်နိုင်ငံ ကလေးစားရန်၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်မှု မပြုရန်၊ နိုင်ငံတစ်နိုင်ငံ၏ ပြည် တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်ရောက်စွက်ဖက်ခြင်း မပြုရန်၊ တန်းတူညီတူ အပြန်အလှန် အကျိုး ဖြစ်ထွန်းအောင် ဆောင်ရွက်ရန် နှင့် လူမှုစနစ်မတူညီသည့်နိုင်ငံ များအကြား ငြိမ်းချမ်းစွာ အတူ ယှဉ်တွဲနေထိုင်ရန်ဟူသည့် မူကြီး (၅)ရပ်ကို ထိုစဉ်က နှစ်နိုင်ငံ ဝန်ကြီးချုပ်များက ၁၉၅၄ ခုနှစ် ဇွန် ၂၉ ရက်တွင် ရန်ကုန်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းမူကြီး (၅) ရပ်နှင့်အညီ မြန်မာနိုင်ငံသည် အခြားသော နိုင်ငံများနှင့် မိတ်ဖက်ဆက်ဆံရေး ကို ဆောင်ရွက်ခဲ့သည်။

**အာကာလင်း**

# ပြင်ဦးလွင်ခရိုင်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု စာပေဟောပြောပွဲကျင်းပ

**ပြင်ဦးလွင် ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦး လွင်မြို့နယ်အတွင်းရှိ စာကြည့် တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေး နှင့် စာဖတ်ရှိန်မြှင့်တင်စေရေး ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြင်ဦးလွင်ခရိုင် ပြည်သူ့စာကြည့် တိုက်နှင့် မြင့်မြတ်ပညာရေး ဖောင်ဒေးရှင်း (မြင့်မြတ်စာကြည့် တိုက်) တို့ ပူးပေါင်းစီစဉ်ကျင်းပ သော "စာကြည့်တိုက်များက ပေးသော အကျိုးကျေးဇူးများ" စာပေဟောပြောပွဲကို ယမန်နေ့ က ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး ၈ ရှိ မြင့်မြတ်စာကြည့်တိုက်၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က ကျေးရွာစာကြည့် တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်ရှိန်မြှင့်တင် ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရပ်ကွက်/ကျေးရွာများရှိ စာကြည့် တိုက်များအရောက် ကွင်းဆင်း ကာ စာပေဟောပြောပွဲကျင်းပရ ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ စာရေးဆရာ ကိုရွှေအောင်သင်းက "စာကြည့် တိုက်များကပေးသော အကျိုး ကျေးဇူးများ" ခေါင်းစဉ်ဖြင့် ကျောင်းသား၊ လူငယ်များနှင့် ဒေသခံပြည်သူများ စာပေဗဟု သုတဖြစ်ဖွယ် အကြောင်းအရာ များကို ဟောပြောဆွေးနွေးသည်။ ထို့နောက် မြင့်မြတ်စာကြည့်တိုက် မှ ရုံးအဖွဲ့မှူး ဦးမြင့်ရွှေက စာအုပ်များ ပေးအပ်လှူဒါန်းရာ လက်ထောက် ညွှန်ကြားရေးမှူး က လက်ခံရယူသည်။ ဆက်လက် ၍ မြင့်မြတ်ပညာရေးဖောင်ဒေး ရှင်း (မြင့်မြတ်စာကြည့်တိုက်) မှ အမှုဆောင် ဦးဟိန်းမင်းဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

အဆိုပါ စာပေဟောပြောပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံး မှ လက်ထောက်ညွှန်ကြားရေး မှူး၊ တာဝန်ရှိသူများ၊ စာကြည့် တိုက်မှူးများ၊ အ.လ.က (၃) ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၀၀ တက်ရောက်ခဲ့ကြသည်။

**ဖြူလူသစ်(ပြန်/ဆက်)**

# ချင်းတွင်းမြစ်ကူးတံတား (ထမံသီ) တည်ဆောက်ရေးလုပ်ငန်းများ ၆၆ ရာခိုင်နှုန်းပြီးစီး

မုံရွာ ဇွန် ၁၉

**စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်အဖွဲ့ဝင်များသည် ဇွန် ၁၈ ရက် နံနက်ပိုင်းက ဟုမ္မလင်း မြို့နယ် ချင်းတွင်းမြစ်ကူးတံတား(ထမံသီ) တည်ဆောက်ရေးရှင်းလင်းဆောင်သို့ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)မှ အင်ဂျင်နီယာမှူးက ချင်းတွင်းမြစ်ကူးတံတား (ထမံသီ) တည်ဆောက်ရေးလုပ်ငန်းများ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ ဟုမ္မလင်းခရိုင် လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ချင်းတွင်းမြစ်ကူးတံတား(ထမံသီ) ပင်းမရွာဘက်ခြမ်းနှင့် ထမံသီရွာဘက်ခြမ်းတို့တွင် ချဉ်းကပ်လမ်းများ ဖောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဖြည့်စွက်တင်ပြသည်။**



**သတိပြုဆောင်ရွက်စေလို**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စစ်ကိုင်းတိုင်း ဒေသကြီး ဟုမ္မလင်းခရိုင်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တို့ကို ဆက်သွယ်ပေးမည့် ချင်းတွင်းမြစ်ကူးတံတား(ထမံသီ) တည်ဆောက်ပြီးစီးပါက ဟုမ္မလင်း မြို့နယ်နှင့် လေရှီးမြို့နယ်တို့မှ ဒေသခံပြည်သူများသည် ကူးသန်း သွားလာမှု လွယ်ကူမြန်ဆန်လာ ခြင်းကြောင့် ၎င်းတို့၏ လူမှုစီးပွား ဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ ဒေသ၏ထုတ်ကုန် များကို လွယ်ကူစွာ သယ်ယူ ပို့ဆောင်နိုင်ခြင်းနှင့် ဒေသဖွံ့ဖြိုး တိုးတက်မှုကို များစွာအထောက် အကူပြုမည့် တံတားကြီးတစ်စင်း ဖြစ်ပါကြောင်း၊ ယင်းအပြင် လေရှီး မြို့နယ်အစွန်အဖျားရှိ ဆွမ္မရာမြို့ နှင့် ပန်ဆပ်ကျေးရွာ၊ အနီး ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများသည် ဟုမ္မလင်း၊ ခန္တီးနှင့် မော်လိုက်ခရိုင်များသို့ လွယ်ကူစွာ သွားလာနိုင်ခြင်း ကြောင့် ၎င်းတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအပြင် ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ အကျိုးပြုစေမည်ဖြစ်၍ တည်ဆောက်ရေး လုပ်ငန်းများ ကို သတ်မှတ်ကာလတွင် ပြီးစီး ရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများ နှင့်အညီအရည်အသွေးကောင်းမွန် အောင် တည်ဆောက်သွားရန် လိုအပ်ပါကြောင်း၊ ဘဏ္ဍာနှစ် အလိုက်ရရှိသည့် ရန်ပုံငွေများကို လည်း စနစ်တကျသုံးစွဲသွားကြ ရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးကိုလည်း သတိပြု ဆောင်ရွက်စေလိုကြောင်း မှာကြား သည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ချင်းတွင်းမြစ်ကူးတံတား (ထမံသီ) တံတားကြီး၏ ပင်းမရွာဘက်ခြမ်း ချဉ်းကပ်လမ်း ဆောင်ရွက်နေမှု၊ ပင်မတံတားကြီး တည်ဆောက်မှု လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ထမံသီရွာဘက်ခြမ်း ချဉ်းကပ် လမ်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**၆၆ ရာခိုင်နှုန်းပြီးစီး**

အဆိုပါ ချင်းတွင်းမြစ်ကူး တံတား (ထမံသီ) သည် ဟုမ္မလင်း မြို့နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသအတွင်းရှိ လေရှီးမြို့- ပန်ဆပ် - ဆွမ္မရာမြို့လမ်းပေါ်တွင် ချင်းတွင်းမြစ်ကိုဖြတ်၍ တည် ဆောက်ထားသည့်သံကူကွန်ကရစ် တံတား အမျိုးအစားဖြစ်ပြီး တံတားအရှည် ၈၀၁ မီတာ၊ အကျယ် ၉ ဒသမ ၄ မီတာ၊ တံတားအခန်းပေါင်း ၁၅ ခန်း ၊ ရေလမ်း ကင်းလွတ်အမြင့် ပေ ၄၀ ဖြင့် တည်ဆောက်နေခြင်းဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်း တစ်ခု လုံး၏ ၆၆ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ထမံသီကျေးရွာ၊ ပင်းမကျေးရွာ တို့မှပြည်သူများက အဆိုပါတံတား ကြီးအနီး ချင်းတွင်းမြစ်အတွင်းသို့ ငါးမြစ်ချင်းနှင့် ထိုင်းငါးခုံးမကြီး ကောင်ရေ ၁၃၀၀၀၀ ကို ချင်းတွင်းမြစ်အတွင်း စိုက်ထည့် ပေးသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ သည် ညနေပိုင်းတွင် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်း အဝေးခန်းမ၌ ကျင်းပသော လေရှီးမြို့ရှိ မြို့မိမြို့ဖများ၊ နာဂ ရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ များ၊ ဒေသခံတိုင်းရင်းသား များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ရာ လေရှီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမောင်က မြို့နယ်အတွင်း ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များ ဆောင်ရွက်ထားရှိမှုအခြေ အနေများကို ရှင်းလင်းတင်ပြပြီး မြို့မိမြို့ဖများနှင့် ယဉ်ကျေးမှုအဖွဲ့ များက လေရှီးမြို့ ဖွံ့ဖြိုးတိုးတက် ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများက မိမိတို့ဌာနများအလိုက် နာဂ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက် ပေးနေမှုများနှင့် ဆက်လက် ဆောင်ရွက်ပေးသွား မည့် လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြား ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသူများအတွက် ထောက်ပံ့ငွေများနှင့် စားသောက် ဖွယ်ရာများကို လည်းကောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ နှင့် တိုင်းဒေသကြီးအဆင့် ဌာန ဆိုင်ရာများက မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လေရှီးမြို့နယ် နာဂရိုးရာစာပေ နှင့် ယဉ်ကျေးမှုအဖွဲ့အတွက် ထောက်ပံ့ငွေများနှင့် စာသောက် ဖွယ်ရာများကို လည်းကောင်း တာဝန်ရှိသူများထံ ထောက်ပံ့ ပေးအပ်သည်။

**ကြိုးပမ်းဆောင်ရွက်**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသအတွင်း ဆောင်ရွက်နေသည့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ် အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ပေးနေမှု၊ စားရေရိက္ခာ ဖူလုံရေးအတွက် စိုက်ပျိုး၊ မွေးမြူထုတ်လုပ်ရန် လိုအပ်မှု၊ ရာသီဥတုကောင်းမွန် ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရန် စနစ်ကျကုန်းမြင့် လယ်ယာ ဖော်ထုတ်စိုက်ပျိုးခြင်း ဖြင့် ရွှေ့ပြောင်းတောင်ယာခုတ် ၍ စိုက်ပျိုးမှုစနစ် ပပျောက်ရန် လိုအပ်မှုအခြေအနေများ၊ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး နှင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန် ရန် ဆောင်ရွက်ပေးနေမှုအခြေ အနေများနှင့် လေရှီးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ဌာနဆိုင်ရာများကို ဦးဆောင်၍ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင် ရွက်သွားရန်၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ပေါင်းစပ် ဆောင်ရွက်ကြရန် မှာကြားကာ တက်ရောက် လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လမ်း၊ တံတားနှင့် အဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းဆပ်ကော်မတီ အစည်းအဝေး (၁/၂၀၂၄) ကျင်းပပြုလုပ်

**နေပြည်တော် ဇွန် ၁၉**

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လမ်း၊ တံတားနှင့် အဆောက်အဦဖွံ့ဖြိုး ရေးလုပ်ငန်း ဆပ်ကော်မတီ၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄)ကို ယမန်နေ့နံနက်ပိုင်း က နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်း အဝေးခန်းမ၌ ကျင်းပပြုလုပ် သည်။



**တက်ရောက်**

အစည်းအဝေးသို့ လမ်း၊ တံတားနှင့် အဆောက်အဦဖွံ့ဖြိုး ရေးလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ လုပ်ငန်း ဆပ်ကော်မတီဝင်များ ဖြစ်ကြ သည့် သက်ဆိုင်ရာဝန်ကြီးဌာန များမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး၊ ပြည်နယ် လမ်း၊ တံတားနှင့် အဆောက်အဦ ဖွံ့ဖြိုး ရေးလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

**ညှိနှိုင်းဆောင်ရွက်**

အစည်းအဝေးတွင် ဒုတိယ ဝန်ကြီးက မိမိတို့ဆပ်ကော်မတီမှ တာဝန်ယူ ဆောင်ရွက်ရသည့် နယ်စပ်ဒေသများ၏ လမ်း၊ တံတား နှင့် အဆောက်အဦဖွံ့ဖြိုးရေး ကိစ္စရပ်များသည် နယ်စပ်ဒေသ များ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် မှုအတွက် အခြေခံကျသည့် အရေးကြီးဆုံး အခန်းကဏ္ဍဖြစ် ကြောင်း၊ ဝန်ကြီးဌာနအလိုက် ရေးဆွဲထားသည့် နှစ်တို၊ နှစ်ရှည် စီမံကိန်းများကို လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွား ကြရန် ပြောကြားသည်။

ထို့နောက် ဆပ်ကော်မတီဝင် ဌာနများမှ ကိုယ်စားလှယ်အဖွဲ့ဝင် များ၊ တိုင်းဒေသကြီး၊ ပြည်နယ် လမ်း၊ တံတားနှင့် အဆောက်အဦ ဖွံ့ဖြိုးရေးလုပ်ငန်း ဆပ်ကော်မတီ ဥက္ကဋ္ဌများက ၂၀၁၁-၂၀၁၂ ဘဏ္ဍာ ရေးနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေး နှစ်အထိ ဌာနအလိုက် လမ်း၊ တံတားနှင့် အဆောက်အဦလုပ်ငန်း များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေ၊ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းများနှင့် ဘဏ္ဍာငွေ လျာထား ဆောင်ရွက်မှုနှင့် နှစ်ဆက် လုပ်ငန်းများအတွက် သက်ဆိုင်ရာ ဘဏ္ဍာနှစ်များတွင် ဆက်လက် လျာထားအကောင် အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်း တင်ပြကြရာ ဒုတိယဝန်ကြီး နှင့် တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

တင်ပြချက်နှင့် အကြံပြုချက် များအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး ပေါင်းစပ်ညှိနှိုင်းပေးပြီး နယ်စပ် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ် အချိန်ကာလအတွင်း ပြီးစီးရေး ကြပ်မတ် ဆောင်ရွက်ရန်နှင့် စီမံကိန်းများ လျာထားခြင်း၊ အကောင်အထည် ဖော်ခြင်းများ ဆောင်ရွက်ရာတွင် ထိရောက် သည့် ငွေကြေးသုံးစွဲမှုဖြစ်စေရေး နှင့် လုပ်ငန်းများ၏ အရည်အသွေး ပြည့်ဝစေရေး ကြပ်မတ်ဆောင်ရွက် သွားကြရန် လိုအပ်ကြောင်း မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျန်းမာစေဖို့ လိုက်နာစို့

“အာရောဂျံ ပရမံ လာဘံ” ဆိုတဲ့အတိုင်း ကျန်းမာခြင်းသည် လာဘ်တစ်ပါး ဖြစ်ပါတယ်။ ကျန်းမာစွာ အသက်ရှင်နေထိုင်နိုင်ခြင်းဟာ ဘဝမှာ အလွန်ကြီးမားသော အောင်မြင်မှုတစ်ခုပါပဲ။ ကျန်းမာခြင်းရဲ့တန်ဖိုးကို မကျန်းမာတဲ့အခါမှာ အသေအချာ သိမြင်ရမှာပါ။ မကျန်းမာခြင်းရဲ့ နောက်ဆက်တွဲဆိုးကျိုးများဟာ မိမိကိုယ်တိုင်သာမက မိမိရဲ့မိသားစု၊ မိမိပတ်ဝန်းကျင်နဲ့ မိမိနိုင်ငံအတွက်ပါ သက်ရောက်မှုများရှိစေနိုင်မှာ ဖြစ်ပါတယ်။

ဒေါက်တာဇေယျာဝင်း

### ဘာကြောင့် အလေးထားသင့်သလဲ

မိသားစုတစ်ခုမှာ သက်လတ်ပိုင်းအရွယ် မိသားစုဝင်တစ်ဦး အသက်ဆုံးရှုံးရခြင်းဟာ အဆိုပါ အိမ်ထောင်စုဝင်တွေအတွက် ကြီးစွာသော ပျက်စီးဆုံးရှုံးရမှုကို ဖြစ်စေပါတယ်။ ဘာလို့လဲဆိုတော့ သက်လတ်ပိုင်းအရွယ်ဆိုတာ အိမ်ထောင်စုတစ်ခုမှာ အဓိကဝင်ငွေရှာပေးသူများ၊ စောင့်ရှောက်နေကြသူများ ဖြစ်လို့ပါပဲ။ အရွယ်မတိုင်ခင် သေဆုံးခြင်းတွေကြောင့် မိသားစုဝင်ငွေ လျော့စေခြင်း၊ စိတ်ထိခိုက်ကြေကွဲရခြင်း၊ ပညာရေးတစ်ပိုင်းတစ်စဖြစ်စေခြင်း စတဲ့ဆိုးကျိုးတွေကို ကျန်ရှိတဲ့ မိသားစုတွေ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ထို့နည်းတူပဲ နိုင်ငံများအနေနဲ့လည်း ကျန်းမာတဲ့ လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးရခြင်းနဲ့အတူ နိုင်ငံရဲ့ဂျီဒီပီ (GDP) အပေါ်မှာလည်း ထိခိုက်မှုဖြစ်စေပါတယ်။ အလယ်အလတ်နဲ့ ဝင်ငွေနိမ့်တိုင်းပြည်တွေမှာ အရွယ်မတိုင်မီ အသက်ဆုံးရှုံးခြင်းတွေဟာ ပိုမိုအဖြစ်များတတ်ပါတယ်။ အဆိုပါ တိုင်းပြည်များအတွက် အရွယ်မတိုင်မီဆိုတာကို အသက် ၇၀ မတိုင်မီလို့ သတ်မှတ်လေ့ရှိကြတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခန့်မှန်းချက်အရ လာမယ့် ၂၀၃၀ ပြည့်နှစ်မှာ အရွယ်မတိုင်မီ အသက်ဆုံးရှုံးရခြင်းတွေကြောင့် ဝင်ငွေနိမ့်နဲ့ အလယ်အလတ် တိုင်းပြည်တွေမှာ အမေရိကန်ဒေါ်လာ ၇ ထရီလီယံအထိ ဆုံးရှုံးနိုင်ကြောင်း ခန့်မှန်းသုံးသပ်ထားတာကို လေ့လာသိရှိရပါတယ်။




- ❖ **ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခန့်မှန်းချက်အရ လာမယ့် ၂၀၃၀ ပြည့်နှစ်မှာ အရွယ်မတိုင်မီ အသက်ဆုံးရှုံးရခြင်းတွေကြောင့် ဝင်ငွေနိမ့်နဲ့ အလယ်အလတ်တိုင်းပြည်တွေမှာ အမေရိကန်ဒေါ်လာ ၇ ထရီလီယံအထိ ဆုံးရှုံးနိုင်ကြောင်း ခန့်မှန်းသုံးသပ်ထား**
- ❖ **တစ်ရက်လျှင် အနည်းဆုံး ၄၀၀ ဂရမ်ခန့် အသီးအနှံများ စားသင့်ပါတယ်။ လတ်ဆတ်တဲ့ အသီးများနဲ့ ဟင်းသီးဟင်းရွက်များကို စားမြိန်စာအနေနဲ့လည်း စားနိုင်ပါတယ်။ ဒါ့အပြင် ရာသီအလိုက်ပေါ်သည့် အသီးအနှံများကိုလည်း အမျိုးစုံအောင် စားသုံးသင့်ပါတယ်။ အဲဒီလို စားသုံးခြင်းဖြင့် အာဟာရချို့တဲ့မှု နဲ့ မကူးစက်နိုင်တဲ့ ရောဂါများဖြစ်တဲ့ ဆီးချို၊ သွေးတိုး၊ နှလုံး၊ လေဖြတ်ခြင်းနဲ့ ကင်ဆာရောဂါများ ဖြစ်စေမှုကို လျော့ကျစေနိုင်**

သေဆုံးခြင်းဟာ သက်ရှိတိုင်း မလွဲမသွေ ရင်ဆိုင်ရမယ့် ဓမ္မသဘောတရားတစ်ခု ဖြစ်ပါတယ်။ ဒါပေမယ့် ယနေ့ခေတ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေက လူ့သက်တမ်းဆန့်နိုင်ဖို့နဲ့ အရွယ်မတိုင်မီ သေဆုံးမှုများအား ရှောင်ရှားနိုင်ဖို့အတွက် လက်လှမ်းမီတဲ့ အနေအထားမှာ ရှိနေပါပြီ။ ဆိုလိုတာက လူတစ်ယောက်ဟာ အသက်ရှည်စေဖို့အတွက် နေ့စဉ်ပြုမူဆောင်ရွက်မှုတွေကို ဂရုတစိုက် နေထိုင်မယ်ဆိုရင် အသက်ရှည်ဖို့ လူ့သက်တမ်းကို ဆွဲဆန့်နိုင်ပါတယ်။ ကုလသမဂ္ဂရဲ့ ၂၀၃၀ မျှော်မှန်းချက်ထဲမှာ အရွယ်မတိုင်မီ သေဆုံးရခြင်းတွေ လျှော့ချနိုင်ရန်ဆိုတဲ့အချက်ကို ပြည်သူ့ကျန်းမာရေးဆိုင်ရာ အဓိကအာရုံစိုက်မှုအဖြစ် သတ်မှတ်ထားပါတယ်။

အရွယ်မတိုင်မီ သေဆုံးရခြင်းတွေမှာ အကြောင်းအရင်း အမျိုးမျိုးရှိပါတယ်။ နိုင်ငံများအနေနဲ့ မိမိတို့ လူ့အဖွဲ့အစည်းအတွင်း အရွယ်မတိုင်မီ သေဆုံးရခြင်း အကြောင်းအရင်းတွေနဲ့ နီးနွယ်နေတဲ့ အချက်အလက်များကို ရှာဖွေသတ်မှတ်နိုင်ဖို့ အရေးကြီးပါတယ်။ အဓိကအားဖြင့် ကျန်းမာရေးစီမံကိန်းတွေ၊ မူဝါဒချမှတ်မှုတွေနဲ့ ဘတ်ဂျက်လျာထားမှုတွေအတွက် အဆိုပါအချက်အလက်များ လိုအပ်ပါတယ်။

ထိုသို့ လုပ်ဆောင်ရမယ့် အချက်တွေရှိသလို လူတစ်ဦးချင်းစီတိုင်းကလည်း မိမိတို့ကျန်းမာရေးအခြေအနေများ တိုးတက်ကောင်းမွန်ဖို့၊ ပိုမိုကျန်းမာဖို့နဲ့ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ စားသောက်နေထိုင်မှုပုံစံတွေ မြှင့်တင်ကြဖို့ လိုအပ်ပါတယ်။ ဒီနေရာမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်ထားတဲ့ သက်ရှည်ကျန်းမာစေရေးအတွက် ညီညွတ်မျှတတဲ့ နေထိုင်စားသောက်မှုပုံစံအချို့ကို ဝေမျှလိုပါတယ်။

### အာဟာရပြည့်ဝတဲ့ အစားအသောက်များကိုစားပါ

သစ်သီးများ၊ ဟင်းသီးဟင်းရွက်များ၊ ပဲတောင့်ရှည်များ၊ ပဲစေ့များ၊ ဂျုံ၊ ဆန် စသည်ဖြင့် မိမိစားသောက်မည့် အစားအစာတွင် အာဟာရဓာတ် အမယ်စုံပါဝင်အောင် စားသင့်ပါတယ်။ တစ်ရက်လျှင် အနည်းဆုံး ၄၀၀ ဂရမ်ခန့် အသီးအနှံများ စားသင့်ပါတယ်။ လတ်ဆတ်တဲ့ အသီးများနဲ့ ဟင်းသီးဟင်းရွက်များကို စားမြိန်စာအနေနဲ့လည်း စားနိုင်ပါတယ်။ ဒါ့အပြင် ရာသီအလိုက်ပေါ်သည့် အသီးအနှံများကိုလည်း အမျိုးစုံအောင် စားသုံးသင့်ပါတယ်။ အဲဒီလို စားသုံးခြင်းဖြင့် အာဟာရချို့တဲ့မှုနဲ့ မကူးစက်နိုင်တဲ့ ရောဂါများဖြစ်တဲ့ ဆီးချို၊ သွေးတိုး၊ နှလုံး၊ လေဖြတ်ခြင်းနဲ့ ကင်ဆာရောဂါများဖြစ်စေမှုကို လျော့ကျစေနိုင်ပါတယ်။

### ဆားနဲ့ သကြား လျှော့စားပါ

မြန်မာလူမျိုးများဟာ ဆားသုံးစွဲမှုမှာ ပုံမှန်ထက် ပိုများကြပါတယ်။ ဆားသုံးစွဲမှုများခြင်းသည် သွေးတိုးရောဂါအပါအဝင် နှလုံးရောဂါနဲ့ လေဖြတ်ရောဂါများကို ဖြစ်ပွားနိုင်ခြေ မြင့်စေပါတယ်။ အငန်ဓာတ်များတဲ့ အစားအသောက်များ၊ စားမြိန်စာများ စားသုံးမှုကိုလည်း လျှော့ချသင့်ပါတယ်။ ထို့နည်းတူ အချိုစားသုံးမှုကိုလည်း သတိပြုကြဖို့ လိုပါတယ်။ အချိုများများစားရင် သွားပိုးစားခြင်း၊ ကိုယ်အလေးချိန် တက်စေခြင်းအပါအဝင် ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါနှင့် သွေးကြောဆိုင်ရာ ရောဂါတွေ ဖြစ်စေနိုင်မှု မြင့်တက်လာစေနိုင်ပါတယ်။ သကြားဓာတ်လွန်ကဲတဲ့ အချိုရည်နဲ့ တခြားသရေစာများ စားသုံးမှုကိုလည်း လျှော့ချသင့်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက လူတစ်ဦး နေ့စဉ်စွမ်းအင်လိုအပ်ချက်ရဲ့ ၅ ရာခိုင်နှုန်းအောက်သာ သကြားဓာတ်ကို စားသုံးသင့်ကြောင်း တိုက်တွန်းထားပါတယ်။

### အန္တရာယ်များတဲ့ အဆီဓာတ်သုံးစွဲမှုများကို လျှော့ချပါ

အဆီဓာတ်စားသုံးမှုနဲ့ ပတ်သက်လို့ လူတစ်ဦးနေ့စဉ် စွမ်းအင်လိုအပ်ချက်ရဲ့ ၃၀ ရာခိုင်နှုန်းအောက်သာ အဆီဓာတ်ကို စားသုံးသင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက တိုက်တွန်းထားပါတယ်။ အဆီဓာတ်မှာလည်း အမျိုးမျိုးရှိပြီး အဓိကအားဖြင့် ပြည့်ဝဆီနဲ့ မပြည့်ဝဆီဟူ၍ ရှိပါတယ်။ ပြည့်ဝဆီတွေက ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် မကောင်းပါဘူး။ မပြည့်ဝဆီများကတော့ ကျန်းမာရေးအတွက် ကောင်းတယ်လို့ မှတ်ယူနိုင်ပါတယ်။

### အရက်အလွန်အကျွံသောက်သုံးမှုကို ရှောင်ကြဉ်ပါ

အရက်သောက်ခြင်းနဲ့ ပတ်သက်လို့ကတော့ မည်မျှသောက်ရင် လုံခြုံစိတ်ချရတယ်ဆိုပြီး သတ်မှတ်ချက်မရှိပါဘူး။ အရက်သောက်ခြင်းကြောင့် ရနိုင်တဲ့ ကျန်းမာရေးပြဿနာများကတော့ စိတ်ကျန်းမာရေးနဲ့ အပြုအမူဆိုင်ရာ အလေ့အထများ ပြောင်းလဲနိုင်ခြင်း၊ အရက်စွဲခြင်း အပါအဝင် အသည်းခြောက်ရောဂါ၊ အသည်းကင်ဆာရောဂါ၊ အခြားသော ကင်ဆာရောဂါများ၊ နှလုံးရောဂါ၊ အရက်မူးခြင်းကြောင့် ထိခိုက်ဒဏ်ရာရခြင်းနှင့် ယာဉ်တိုက်မှုဖြစ်ခြင်းများ စသည်တို့ဖြစ်ပါတယ်။

### ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်ပါ

ဆေးလိပ်သောက်ခြင်းဖြင့် အဆုတ်ရောဂါ၊ နှလုံးနှင့်သွေးကြောဆိုင်ရာ ရောဂါများနှင့် လေဖြတ်ရောဂါတို့ကို ဖြစ်စေနိုင်ပါတယ်။ ဆေးလိပ်သောက်ခြင်းဟာ ဆေးလိပ်သောက်သူကိုသာ ထိခိုက်တာမဟုတ်ပါဘူး။ သူ့အနားမှာနေတဲ့ ဆေးလိပ်ငွေ့ရှူနေရသူများကိုလည်း ထိခိုက်စေပါတယ်။ အကယ်၍ သင်ဟာ ဆေးလိပ်သောက်သုံးနေဆဲလူတစ်ယောက်ဖြစ်ပါက ခုချက်ချင်းပဲ ဆေးလိပ်ဖြတ်ကြည့်လိုက်ပါ။ သိသာတဲ့ အကျိုးကျေးဇူးတွေ ချက်ချင်းရရှိနိုင်တာ တွေ့ရပါလိမ့်မယ်။

### တက်တက်ကြွကြွ လှုပ်လှုပ်ရှားရှားနေထိုင်ပါ

ကိုယ်လက်လှုပ်ရှားခြင်းဆိုတာကတော့ စွမ်းအင်သုံးစွဲရန် လိုအပ်သောကြွက်သားများကို အသုံးပြုရသည့် မည်သည့်ကိုယ်ခန္ဓာလှုပ်ရှားမှုမျိုးကိုမဆို ခေါ်ဆိုခြင်းဖြစ်ပါတယ်။ လေ့ကျင့်ခန်းပြုလုပ်ခြင်း အပါအဝင် လေ့ကားတက်ဆင်း ပြုလုပ်ရခြင်း၊ အလုပ်သွားရခြင်း၊ အိမ်မှုကိစ္စများလုပ်ဆောင်ခြင်း စတဲ့ ကိုယ်ခန္ဓာတွေ လှုပ်ရှားနေခြင်းဖြင့် စွမ်းအင်များကို သုံးစွဲနေခြင်းဟာ ကျန်းမာရေးအတွက် ကောင်းမွန်စေပါတယ်။ နေ့စဉ် မည်မျှလှုပ်ရှားနေရမယ်ဆိုတာကတော့ သင့်ရဲ့ အသက်အရွယ်အပေါ်မှာ မူတည်ပါတယ်။ အသက် ၁၈-၆၄ နှစ်ကြား ရှိသူများဟာ တစ်ပတ်လျှင် မိနစ် ၁၅၀ ခန့် အသင့်အတင့် ကိုယ်လက်လှုပ်ရှားမှုတစ်ခုခု ပြုလုပ်သင့်ပါတယ်။ ကျန်းမာရေးပိုမိုကောင်းချင်သူများအနေနဲ့ တစ်ပတ်လျှင် မိနစ် ၃၀၀ ခန့်အထိ အားရင်အားသလို လေ့ကျင့်ခန်း ပြုလုပ်သင့်ပါတယ်။

### သင့်ရဲ့ သွေးပေါင်ချိန် ပုံမှန်တိုင်းတာပါ

သွေးတိုးရောဂါသည် အသံတိတ်လူသတ်သမားအုပ်စုထဲမှာ ပါဝင်ပါတယ်။ လူအတော်များများဟာ သွေးတိုးရှိနေမှန်း မိမိကိုယ်မိမိ မသိကြပါဘူး။ သွေးတိုးရှိ/ မရှိဆိုတာက ပုံမှန်တိုင်းတာနေခြင်းဖြင့်သာ သိနိုင်ပါတယ်။ သွေးတိုးရှိမှန်းသိမှသာ ဆောင်ရန်ရှောင်ရန်တွေကို လိုက်နာနိုင်မှာ ဖြစ်ပါတယ်။ သွေးတိုးကို ဆေးဝါးဖြင့်ဖြစ်စေ လူနေမှုပုံစံဖြင့်ဖြစ်စေ မထိန်းချုပ်ပါက နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါနဲ့ အခြားရောဂါများဆီ ဦးတည်သွားနိုင်ပါတယ်။

### ကူးစက်ရောဂါများ မကူးစက်နိုင်ရေးကာကွယ်ပါ

ခုခံအားကျရောဂါ(HIV)၊ တီဘီရောဂါ၊ အသည်းရောင်ဘီရောဂါနှင့် လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါ အပါအဝင် ကူးစက်တတ်သော ရောဂါများကို မကူးစက်စေရေး ဆောင်ရန်၊ ရှောင်ရန်များကို သတိပြုလိုက်နာသင့်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

# မြန်မာစာ မြန်မာစကား

## အတိတ်ကို ရည်ညွှန်းလိုတိုင်း ခဲ့ သုံးရန်မလို

**ခဲ့** သည် အမှန်တကယ်ပြုကြောင်း၊ ဖြစ်ကြောင်း၊ ရှိကြောင်း လေးနက်စေလျက် ကြိယာကို ကူညီထောက်ပံ့သော စကားလုံး ဖြစ်သည်။ အတိတ်ကို လည်းကောင်း၊ အနာဂတ်ကိုလည်းကောင်း မညွှန်းပြပါ။ ထို့ကြောင့် **ခဲ့** သည် အတိတ်ကာလပြပစ္စည်းလည်း မဟုတ်၊ အနာဂတ်ကာလပြပစ္စည်းလည်း မဟုတ်ပါ။

- ရှိခိုးကော်ရော်၊ ပူဇော်အကျွန်၊ ပန်**ခဲ့**တုံ၏။
- မှောင်**ခဲ့**တစ်ခါ၊ ပြာ**ခဲ့**တချို့၊ ညို့**ခဲ့**တစ်လီ။
- မြင်**ခဲ့**၊ ကြား**ခဲ့**၊ စား**ခဲ့**၊ သောက်**ခဲ့**ရသည်ကို ငါ့အား လျှောက်လော့။

ဖော်ပြပါဝါကျတို့တွင်**ခဲ့**သည်အတိတ်ကာလကိုညွှန်းသောအတိတ်ကာလပြပစ္စည်းဖြစ်သည်ဟု ထင်မှားဖွယ်ဖြစ်သည်။ အကယ်စင်စစ် အတိတ်ကာလကို မညွှန်းပြပါ။

- ရှိခိုးကော်ရော်၊ ပူဇော်အကျွန်၊ ပန်လတ်တုံ၏။
- မှောင်**ချည်**တစ်ခါ၊ ပြာ**ချည်**တချို့ ၊ ညို့**ချည်**တစ်လီ။
- မြင်ရ၊ ကြားရ၊ စားရ၊ သောက်ရသည်ကို ငါ့အား လျှောက်လော့-ဟု

ပြုပြင်ရေးသားကြည့်ပါက အနက်အဓိပ္ပာယ် ထူးခြားကွဲပြားသွားခြင်း မရှိသည်ကို တွေ့ရမည်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ ကွာခြားကွဲပြားသွားခြင်းမျိုး မရှိသည်ကိုလည်း တွေ့ရမည်။ အဘယ်ကြောင့်ဆိုသော်**ခဲ့**သည် အတိတ်ကာလပြပစ္စည်း မဟုတ်သောကြောင့်ဖြစ်သည်။

**ခဲ့**သည်အတိတ်ကာလကိုမညွှန်းသော်လည်း အမှန်တကယ်ပြုခြင်း၊ ဖြစ်ခြင်း၊ ရှိခြင်းအနက်မှ ဆင့်ပွားကာ ဦးစွာပြုလုပ်ခြင်း၊ အလျင်ပြုလုပ်ခြင်းအနက်ကိုကား ညွှန်းပြတတ်သည်။

**သာဓက။ ။**

- ညောင်ရမ်းမြို့ကို... ဘယကျော်ထင်ကို ပေးတော်မူ**ခဲ့**၍ ပြန်တော်မူသည်။
- အရှင်အလိုရှိရာကို ဆိုလော့။ ကျွန်ုပ် လှူ**ခဲ့**အံ့ဟု လျှောက်၏။
- ခြေတော်စုံကို၊ လက်စုံမြတ်နိုး၊ ရှိညွတ်ကျိုး၊ ရှိခိုးပူဇော်**ခဲ့**ပါသည်။

ထို့ပြင် တိုက်တွန်းနှိုးဆော်ခြင်း၊ ဝန်ခံကတိပြုခြင်းတို့ကို ဖော်ပြသည့် ဝါကျအချို့တွင် အလေးအနက်ပြုသည့် သဘောဖြင့် **ခဲ့**ကို ထည့်သုံးလေ့ရှိသည်။

- ချစ်၍ခေါ်သည်၊ လိုက်တော်မူ**ခဲ့**။
- တပ်တပ်ရာရာ၊ သိသာအောင်ကြည့်**ခဲ့**။
- ပဏ္ဏာကာရပေးသည်၊ မြောင်းတူး**ခဲ့**ပါဟု စေ၏။
- သို့မှတစ်ခါ၊ မကြာနောက်ငဲ့၊ ပြန်ပါ **ခဲ့** ဟု၊ ချဲ့ချဲ့ပူဆာ၊ မိန့်လိုက်မှာသည်။
- နိုင်ငံတော်အစိုးရနှင့် ပြည်သူများက လက်ကမ်း၍ပန်းနှင့် ကြိုဆိုနေသော လမ်းအတိုင်း လျှောက်လှမ်းလာ**ခဲ့**ကြပါရန် တိုက်တွန်းရပါသည်။
- ဘကြီးလဲ ကလေးမတို့အိမ်ကို တစ်ကြိမ်လောက် လာ**ခဲ့**ရအုံးမယ်။

ထို့ပြင် **ခဲ့** ကို စိတ်ကူးကြံဆခြင်း၊ စည်းကမ်းသတ်မှတ်ခြင်းအနက်ကို ဆောင်သော **လျှင်၊ သော်၊ မူ၊ ငြားအံ့** စသည်တို့နှင့် တွဲ၍လည်း ကြိယာကို ထောက်ပံ့ကူညီရာတွင် သုံးသည်။

**သာဓက။ ။**

- မိုးမပြိုဘူး၊ ပြို**ခဲ့**သော် ...
- အကယ်၍ ထီပေါက်**ခဲ့**လျှင် ...
- အဆွေခင်ပွန်းမရှိ**ခဲ့**မူ...
- ထိုသို့ဖြစ်**ခဲ့**ငြားအံ့ ...

အချုပ်အားဖြင့်ဆိုရသော် **ခဲ့** သည် အမှန်တကယ်ပြုခြင်း၊ ဖြစ်ခြင်း၊ ရှိခြင်းအနက်ဖြင့် ကြိယာကို ထောက်ပံ့ကြောင်း၊ ထိုမှ ဆင့်ပွားကာ ဦးစွာပြုခြင်း၊ အလျင်ပြုခြင်းအနက်၊ တိုက်တွန်းနှိုးဆော်ခြင်း၊ ဝန်ခံကတိပြုခြင်းအနက်၊ အမှန်ပြုဘိ၊ ဖြစ်ဘိ၊ ရှိဘိသကဲ့သို့ အနက်တို့ဖြင့်လည်း ကြိယာကို ထောက်ပံ့ကြောင်း မှတ်ယူရန်ရှိသည်။

ထို့ကြောင့် အတိတ်ကာလကို ညွှန်းပြလိုတိုင်း **ခဲ့**ကို သုံးခြင်းမျိုးကို ရှောင်ရှားရမည် ဖြစ်ပေသည်။

**သာဓက။ ။**

- အဖေ အင်္ဂလန်ကို မနေ့က သွား**ခဲ့**တယ်။
- ယမန်နေ့က ကျင်းပ**ခဲ့**သော အစည်းအဝေးတွင်...
- မနက်စောစော လက်ဖက်ရည် သောက်**ခဲ့**တယ်။ အတော်ကြာမှ ဆေးသောက်ခဲ့တယ်။
- တေဇော၊ ပထဝီ ၂-ပါးကြောင့်ဖြစ်သော အချဉ်အရသာ ၏ အကျိုးသွားကို ဖြေဆို**ခဲ့**ပါ။



မြန်မာစာ မြန်မာစကားစာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။

*စာမျက်နှာ ၁၀ မှ*

လိုအပ်သည့် စစ်ဆေးခြင်းများ လုပ်ဆောင်သင့်ပါတယ်။ ၎င်းရောဂါများဟာ စောစောသိလို့ စောစောကုသမှု ခံယူသင့်တဲ့ရောဂါတွေ ဖြစ်ပါတယ်။ မသိလို့ မကုဘဲနေပါက ဆိုးရွားတဲ့ ကျန်းမာရေးဆိုင်ရာ အကျိုးဆက်တွေရလာနိုင်ပြီး အသက်ဆုံးရှုံးမှုအထိ ဖြစ်စေနိုင်ပါတယ်။ လိင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများဖြစ်တဲ့ ဆစ်ဖလစ်ရောဂါ၊ ဂနိုရောဂါများ အပါအဝင် ခုခံအားကျရောဂါများ ကူးစက်ခံရမှု မရှိစေရေးအတွက် အကာအကွယ်အသုံးပြု၍ လိင်ဆက်ဆံခြင်းကို အလေးထားသင့်ပါတယ်။

### ကာကွယ်ဆေးထိုးကြပါ

ကာကွယ်ဆေးထိုးခြင်းဟာ ကူးစက်ရောဂါများ ကာကွယ်ခြင်းအတွက် အထိရောက်ဆုံး နည်းလမ်းဖြစ်ပါတယ်။ သားအိမ်ခေါင်းကင်ဆာ၊ ကာလဝမ်းရောဂါ၊ ဆုံဆို့ကြက်ညှာမေးခိုင်ရောဂါ၊ တုပ်ကွေး၊ ဝက်သက်၊ ခွေးရူးပြန်ရောဂါ စသဖြင့် ရောဂါတော်တော်များများအတွက် ကာကွယ်ဆေးများ ရှိနေပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် မွေးကင်းစကလေးငယ်များကစ၍ သူ့အရွယ်အလိုက် ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ မပျက်မကွက် ထိုးနှံထားကြပါလို့ တိုက်တွန်းလိုပါတယ်။

### ချောင်းဆိုး/နှာချေပါက သင့်ရဲ့ ပါးစပ်ကို အကာအကွယ်ပြုလုပ်ပါ

ကိုဗစ်-၁၉ ရောဂါ၊ တုပ်ကွေးရောဂါ၊ အဆုတ်ရောင်ရောဂါအမျိုးမျိုးနဲ့ တီဘီရောဂါ စသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများဟာ လေထဲမှတစ်ဆင့် ကူးစက်တတ်တာ ဖြစ်ပါတယ်။ ဒ့ါကြောင့် ရောဂါကူးစက်ခံရသူများက ချောင်းဆိုး၊ နှာချေပြုလုပ်တဲ့အခါ ရောဂါပိုးမွှားများဟာ တခြားသူတွေဆီကို တိုက်ရိုက်ရောက်ရှိ ကူးစက်စေနိုင်ပါတယ်။ တစ်ရှူး၊ လက်ကိုင်ပဝါ စသဖြင့် အကာအကွယ်တစ်ခုခုနဲ့ ပါးစပ်ကို ဖုံးထားပြီးမှသာ ချောင်းဆိုးနှာချေ ပြုလုပ်သင့်ပါတယ်။ ဖုံးကာစရာဘာပစ္စည်းမှ မရှိပါက တံတောင်ဆစ်ဖြင့် ဖုံးကွယ်ပြီးမှသာ ချောင်းဆိုး/နှာချေ ပြုလုပ်သင့်ပါတယ်။

### ခြင်ကိုက်ခံရခြင်းမှ ကာကွယ်ပါ

ခြင်ဟာ ကမ္ဘာပေါ်မှာကြောက်စရာအကောင်းဆုံး အင်းဆက်ပိုးမွှား ဖြစ်ပါတယ်။ ခြင်ကိုက်ခံရခြင်းမှ တစ်ဆင့် လူတွေကို သေစေနိုင်တဲ့အထိ ဒုက္ခပေးတဲ့ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါတို့အပြင် ဆင်ခြေထောက်ရောဂါ၊ ဆင်တုပ်ကွေးရောဂါ စတဲ့ ကူးစက်ရောဂါတွေကို ဖြစ်စေနိုင်ပါတယ်။ ဒ့ါကြောင့် ခြင်ကိုက်မခံရအောင် နေထိုင်ခြင်း၊ ခြင်ပေါက်ပွားသည့်နေရာများကို ဖျက်ဆီးခြင်း စသဖြင့် ခြင်မှ ရောဂါမကူးစက်အောင် နေထိုင်ကြရန် အရေးကြီးပါတယ်။

### ရေကောင်းရေသန့်ကိုသာ သောက်သုံးပါ

မသန့်ရှင်းသောရေကို သောက်သုံးခြင်းမှ တစ်ဆင့် ရောဂါပေါင်းစုံ ကူးစက်စေနိုင်ပါတယ်။ ဝမ်းရောဂါအမျိုးမျိုး၊ အသည်းရောင်ရောဂါအေ၊ ပိုလီယိုနဲ့ တိုက်ဖွိုက်ရောဂါတို့ဟာ ရေမှတစ်ဆင့် ကူးစက်တတ်တဲ့ ထင်ရှားတဲ့ရောဂါတွေ ဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ အဆိုအရ တစ်ကမ္ဘာလုံးမှာ လူသန်းနှစ်ထောင်ခန့်ဟာ ရေကောင်းရေသန့်သုံးစွဲဖို့ အခွင့်အလမ်း ဆုံးရှုံးနေရပါတယ်။ အကယ်၍ သင့်အနေနဲ့ သောက်သုံးရန် ရေသန့်မရနိုင်ပါက ရေကိုကျိုချက်ပြီးမှသာ သောက်သုံးသင့်ပါတယ်။

### မွေးကင်းစမှ အသက် နှစ်နှစ်အထိ ကလေးများကို မိခင်နို့တိုက်ကျွေးပါ

မွေးကင်းစကလေးများအတွက်ကတော့ မိခင်နို့သည် အကောင်းဆုံးအာဟာရ ဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက မိခင်ဝမ်းမှ ကျွတ်ကျွတ်ခြင်း ၁ နာရီအတွင်း မိခင်နို့စတင်တိုက်ကျွေးရန်နဲ့ ခြောက်လသားအထိကို မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရန် မှတ်ချက်ပြုထားပါတယ်။ ဖြစ်နိုင်ရင်တော့ အသက် နှစ်နှစ်သားလောက်အထိကို မိခင်နို့ တိုက်ကျွေးခြင်းဟာ ကလေးအတွက် အထူးကောင်းမွန်ပါတယ်။ မိခင်နို့တိုက်ကျွေးခြင်းဟာ ကလေးအတွက်သာမက မိခင်အတွက်လည်း သားအိမ်ခေါင်းကင်ဆာ၊ ဆီးချိုရောဂါ၊ မီးဖွားပြီး နောက်ပိုင်းဖြစ်တတ်တဲ့ စိတ်ကျရောဂါ စတာတွေကို ကာကွယ်နိုင်ကြောင်း သိရှိရပါတယ်။

### စိတ်ဓာတ်ကျနေမယ်ဆိုရင် သင်ယုံကြည်ရတဲ့ တစ်ယောက်ယောက်နဲ့ စကားပြောပါ

စိတ်ကျရောဂါဟာ ကမ္ဘာတစ်လွှား အဖြစ်များတဲ့အထဲမှာ ပါဝင်ပါတယ်။ ၂၀၂၁ ခုနှစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကိန်းဂဏန်းများအရ လူသန်းပေါင်း ၂၆၀ ခန့်ဟာ စိတ်ကျရောဂါ ခံစားနေရကြောင်း သိရပါတယ်။ စိတ်ကျရောဂါဟာ ပုံစံမျိုးစုံနဲ့ လက္ခဏာပြတတ်ပါတယ်။ မျှော်လင့်ချက်မဲ့တာ၊ တန်ဖိုးမဲ့သလိုခံစားရတာ၊ အတွေးဆိုးများပဲ အမြဲတွေးမိနေတတ်တာ၊ နာကျင်မှုတွေ ခံစားနေတတ်တာ စသဖြင့် မျိုးစုံခံစားနေရတတ်ပါတယ်။ ထိုသို့သော အခြေအနေမျိုးမှာ တစ်ယောက်တည်း မနေပါနဲ့။ မိမိရဲ့ မိသားစုဝင်ပဲဖြစ်ဖြစ်၊ တခြား ယုံကြည်ရတဲ့ တစ်ဦးဦးကိုပဲဖြစ်ဖြစ် ဖွင့်ဟပါ၊ တိုင်ပင်ပါ၊ ဆွေးနွေးပါ၊ စကားတွေပြောပါ။ စိတ်ကျခြင်းဟာ ဆိုးရွားတဲ့ အကျိုးဆက်တွေဆီ ဦးတည်သွားနိုင်တာဖြစ်တဲ့အတွက် သတိမူသင့်ပါတယ်။

### ပဋိဇီဝဆေးဝါးများကို ဆရာဝန်ညွှန်ကြားသည့်အတိုင်းသာ သောက်ပါ

ယခုခေတ်ကာလမှာ ဗက်တီးရီးယားပိုးမွှားများဟာ ပဋိဇီဝဆေးဝါးများကို ခံနိုင်ရည်ရှိလာပြီး ဆေးမတိုးတဲ့ပိုးမွှားများ ပေါ်ပေါက်လာမှုဆိုင်ရာ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဒါဟာဆိုရင် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကြီးမားတဲ့ ခြိမ်းခြောက်မှုတစ်ရပ်ပဲ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ အဆိုပါ ဗက်တီးရီးယားများဟာ ဆေးဝါးများကို ခံနိုင်ရည်ရှိလာတဲ့အတွက် ရောဂါပျောက်ကင်းအောင် မကုသနိုင်တော့ဘဲ လူကိုသေဆုံးသည်အထိ တိုက်ခိုက်နိုင်လို့ပဲ ဖြစ်ပါတယ်။ ထို့အပြင် အဆိုပါ ဆေးမတိုးတဲ့ ပိုးများဟာ လူထုအတွင်း ကူးစက်ပြန့်ပွားမှုများ ဖြစ်လာပါက လူအစုလိုက် အပြုံလိုက် သေဆုံးစေတဲ့ ကပ်ရောဂါမျိုးတွေ ဖြစ်ပွားသည်အထိ ဖြစ်လာနိုင်ပါတယ်။ ဆေးမတိုးတဲ့ပိုးတွေ ထွက်ပေါ်လာစေတဲ့ အဓိကအကြောင်းကတော့ ပဋိဇီဝဆေးတွေကို မလိုအပ်ဘဲ မိမိသဘောနဲ့ မိမိသောက်ကြတာရယ်၊ ဆေးပတ်လည်အောင် မသောက်ကြတာရယ်ကြောင့် ဖြစ်ပါတယ်။ ဒ့ါကြောင့် ဆရာဝန်ညွှန်ကြားချက်နဲ့သာ အဆိုပါ antibiotics လို့ခေါ်တဲ့ ပဋိဇီဝဆေးများကို သောက်သုံးသင့်ပါတယ်။

### လက်ကိုစနစ်တကျဆေးကြောပါ

လက်သန့်စင်မှုဟာ အင်မတန်အရေးကြီးတဲ့ ကျန်းမာရေးဆိုင်ရာ အချက်အလက်တစ်ခုပါ။ လက်မသန့်ခြင်းမှတစ်ဆင့် ကူးစက်ရောဂါ တော်တော်များများ ဖြစ်စေတာပါ။ ဒ့ါကြောင့် လက်ကို ဆပ်ပြာနဲ့ ရေတို့ဖြင့် သေချာစနစ်တကျ ဆေးကြောခြင်း၊ အရက်ပြန်ပါဝင်သည့် ရေမလိုလက်သန့်ဆေးရည်များဖြင့် မကြာခဏဆေးကြောခြင်းကို သတိရတိုင်း လုပ်ဆောင်သင့်ပါတယ်။

### အစားအသောက်ပြင်ဆင်ချက်ပြုတ်ရာမှာ သန့်ရှင်းပါစေ

မသန့်ရှင်းတဲ့ အစားအသောက်များမှာ ပါဝင်နိုင်တဲ့ ပိုးမွှားမျိုးစုံနဲ့ ဓာတုပစ္စည်းများမှတစ်ဆင့် ဝမ်းလျှောဝမ်းပျက်ကဲ့သို့ ရောဂါများမှသည် ကင်ဆာရောဂါများအထိ ရောဂါအမျိုးပေါင်း ၂၀၀ ကျော်အထိ ဖြစ်စေနိုင်ပါတယ်။ ဒ့ါကြောင့် ဈေးကနေ အစားအသောက်ဝယ်ယူရာကစလို့ ပြင်ဆင်ချက်ပြုတ်မှုအလယ် စားသောက်သည်အဆုံး သန့်ရှင်းမှုကို ဂရုပြုသင့်ပါတယ်။ ဒီနေရာမှာ သတိမူရမဲ့ အဓိကအချက် ၅ ချက်ကတော့ အစားအစာများကို သန့်ရှင်းအောင်ထားပါ၊ စားသောက်ကုန်ကြမ်းနဲ့ ချက်ပြုတ်ပြီး အစားအသောက်များကို ခွဲခြားထားပါ၊ ကျက်အောင်ချက်ပြုတ်ပါ၊ အစားအသောက်များကို သတ်မှတ်အပူချိန်တွင်ထားပါ၊ သန့်ရှင်းသောရေနဲ့ သန့်ရှင်းသော ကုန်ကြမ်းများကိုသာ အသုံးပြုချက်ပြုတ်ပါ။

### ပုံမှန် ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ပါ

ပုံမှန်ဆေးစစ်ခံယူခြင်းဖြင့် ရောဂါများကို ကြိုတင်သိရှိနိုင်ကာ ရောဂါမရင့်မီ ကုသမှုခံယူခြင်းဖြင့် အသက်ရှည်ရှည်နေနိုင်ဖို့ အထောက်အပံ့ဖြစ်စေမှာ ဖြစ်ပါတယ်။ ဒ့ါကြောင့် ဖြစ်နိုင်ပါက ပုံမှန်ဆေးစစ်မှုများကို လုပ်ဆောင်သင့်ပါတယ်။

ဖော်ပြပါ သတိထားရမယ့် အချက်များကို အလေးဂရုပြုလိုက်နာခြင်းအားဖြင့် ကျန်းမာစွာ သက်တမ်းစေ့နေထိုင်နိုင်မှာဖြစ်သလို မိမိတို့ဘဝ၊ မိမိတို့ရဲ့မိသားစုနဲ့ လူမှုစီးပွားဘဝများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ကာ နိုင်ငံအတွက် ကျန်းမာသန်စွမ်းတဲ့ လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်နိုင်ကြပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါတယ်။ ။

# မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်တွင် ရွှေပန်းထိမ်လုပ်ငန်းလုပ်ကိုင်သူအား အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်ပြီး ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်ရာတွင် ပါဝင်ခဲ့သည့် တရားခံတစ်ဦးအား သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သံလျက်မော်အနောက်ရပ်ကွက်နေ ရွှေပန်းထိမ်လုပ်ငန်းလုပ်ကိုင်သူ ဦးဝင်းအောင်သည် ဇွန် ၁၃ ရက် ညနေ ၅ နာရီ မိနစ် ၂၀ ခန့်တွင် ၎င်း၏ရွှေပန်းထိမ်ဆိုင်ရှိရာ အောင်မြေသာစံမြို့နယ်မှ နေအိမ်သို့ ၁၂ လမ်းအတိုင်း ဆိုင်ကယ်ဖြင့် တစ်ဦးတည်းမောင်းနှင်ထွက်ခွာလာစဉ် အမျိုးသား နှစ်ဦး(စိစစ်ဆဲ)က CZI အမျိုးအစား အနက်ရောင်ဆိုင်ကယ်ဖြင့် အနောက်မှကပ်၍လိုက်ပါလာပြီး သေနတ်အမျိုးအစား (စိစစ်ဆဲ) ဖြင့် ပစ်ခတ်ကာ ဦးဝင်းအောင်တွင် ပါရှိလာသည့် ရွှေထည်ပစ္စည်းများအား လုယက်ယူဆောင် ထွက်ပြေးသွားခဲ့သဖြင့် ဦးဝင်းအောင်တွင် ကျည်ထိမှန် ဒဏ်ရာရရှိခဲ့ပြီး မန္တလေး ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှု ခံယူနေစဉ် ရရှိထားသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့သောကြောင့် အမှတ်(၄) နယ်မြေရဲစခန်းတွင် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၄ ဖြင့် အမှုဖွင့်၍ တရားခံများ ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။



အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်ပြီး ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်ရာတွင် ပါဝင်သူ တရားခံ ကံပိုင်(ခ)ကိုဖြိုး(ခ)ပြည့်ဖြိုးအောင်အား သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်ပစ်ခတ်လုယက်မှု ကျူးလွန်သူတရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့/ညမပြတ် သတင်းရယူစုံစမ်းထောက်လှမ်းခြင်း၊ လုံခြုံရေးဆိုင်ရာအထောက်အကူပြုပစ္စည်းများ၏ အကူအညီများ ရယူဆောင်ရွက်ခြင်းနှင့် အေးချမ်းတည်ငြိမ်စွာ နေထိုင်လိုသော တာဝန်သိပြည်သူများ၏ ပူးပေါင်းပါဝင်မှုကြောင့် ပြစ်မှုကျူးလွန်သူ တရားခံ နှစ်ဦးအနက် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် နန်းတော်ကျွန်းအုပ်စု ဥဒေါင်းကျေးရွာနေ ကံပိုင်(ခ)ကိုဖြိုး(ခ)ပြည့်ဖြိုးအောင်(၃၈)နှစ်၊ (ဘ)ဦးမြင့်အောင်အား ဇွန် ၁၈ ရက် ညနေ ၆ နာရီ ၁၅ မိနစ်တွင် အကြမ်းဖက်သတ်ဖြတ်လုယက် ယူဆောင်သွားသည့် သက်သေခံ ရွှေထည်ပစ္စည်းများနှင့် အတူ ၎င်း၏နေအိမ်၌ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ကံပိုင်(ခ)ကိုဖြိုး(ခ)ပြည့်ဖြိုးအောင်၏ ထွက်ဆိုချက်အရ ၎င်းသည် တစ်ရွာတည်းနေ PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် ဖမ်းဆီးရန်ကျန်တရားခံ ကိုမောင်း(စိစစ်ဆဲ)နှင့် ချိတ်ဆက်ပြီး ငွေကြေးလိုအပ်ချက်အရ ပန်းထိမ်ဆရာ ဦးဝင်းအောင်လုပ်ငန်းသိမ်းပြီး ရွှေထည်ပစ္စည်းများနှင့်အတူ နေအိမ်သို့အပြန်တွင် သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ကာ ရွှေထည်ပစ္စည်းများအား လုယူရန်ညှိနှိုင်းခဲ့ရာ သဘောတူညီမှုရရှိခဲ့ပြီး ကိုမောင်း၏အဆက်အသွယ်ဖြင့် မတ္တရာ PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် ဖမ်းဆီးရန်ကျန်တရားခံ မင်္ဂလာပါ(အမည်လွှဲ)နှင့် ဇွန် ၁၀ ရက် ညနေ ၄ နာရီခွဲတွင် ၁၂ လမ်းနှင့် ၈၉ လမ်းထောင့်တွင်တွေ့ဆုံ၍ ပစ်ခတ်လုယက်မည့်အစီအစဉ်အား တိုင်ပင်ခဲ့ပြီး ဇွန် ၁၃ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ဖမ်းဆီးရန်ကျန်တရားခံ မင်္ဂလာပါနှင့်အတူ ၁၂ လမ်းရှိ ရွှေပုဇွန်ဆီဆိုင်အနီးတွင် အသင့်စောင့်ဆိုင်းနေပြီး ဦးဝင်းအောင်ထွက်လာချိန်တွင် ကံပိုင်(ခ)ကိုဖြိုး(ခ)ပြည့်ဖြိုးအောင်က ဆိုင်ကယ်အား မောင်းနှင်ပြီး ဖမ်းဆီးရန်ကျန်တရားခံ မင်္ဂလာပါက နောက်မှ စီးနင်းလိုက်ပါကာ ဦးဝင်းအောင်၏ ဆိုင်ကယ်နောက်မှ ကပ်၍ မောင်းနှင်လိုက်ပါသွားပြီး Golden Star ဘီယာဆိုင်ရှေ့အရောက်တွင် မင်္ဂလာပါက ၎င်းအသင့် ယူဆောင်လာသည့်တစ်ထောင့်ထိုးလက်လုပ်သေနတ်ဖြင့် ဦးဝင်းအောင်အား ပစ်ခတ်ခဲ့ပြီး လဲကျသွားချိန်တွင် ကံပိုင်(ခ) ကိုဖြိုး (ခ) ပြည့်ဖြိုးအောင်က ဆိုင်ကယ်အား ရပ်၍ ဦးဝင်းအောင် လွယ်ထားသည့် ရွှေထည်ပစ္စည်းများ ထည့်ထားသောအိတ်အား ဖြုတ်ယူကာ အခင်းဖြစ်နေရာမှ မောင်းနှင်ထွက်ပြေးခဲ့ခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၏ နေ့/ညမပြတ် ကြိုးပမ်းဆောင်ရွက်မှုနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကိုလိုလားသည့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ကြောင့် အကြမ်းဖက် ပစ်ခတ်လုယက်မှု ကျူးလွန်သူ တရားခံ ကံပိုင်(ခ) ကိုဖြိုး (ခ) ပြည့်ဖြိုးအောင် အား ပြစ်မှုဖြစ်ပွားပြီး ငါးရက်အတွင်း သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်နိုင်ရေးနှင့် ဖမ်းဆီးရန်ကျန်တရားခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များ ဖြစ်ကြသည့် ကိုမောင်းနှင့် မင်္ဂလာပါတို့ နှစ်ဦးအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

** ကျော့ဖုံးမှ*

လုယက်ဓားပြတိုက်သူ အကြမ်းဖက်သမား အမျိုးသား တစ်ဦးအား အသေ ဖမ်းဆီးရမိသည့်အပြင် ၎င်းတို့ ဓားပြတိုက်ယူဆောင်ထားသည့် ငွေကျပ် ၃၀၃၁ သိန်း၊ လက်ကိုင်ဖုန်း နှစ်လုံးနှင့် လုယက်ဓားပြတိုက်ရာတွင် အသုံးပြုသည့် လက်လုပ်ပစ္စတို တစ်လက်၊ ၉ မမ ကျည် ကိုးတောင့်၊ ဗုံးသီး(စိစစ်ဆဲ) တစ်လုံး၊ ဆိုင်ကယ် နှစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

စိစစ်ချက်အရ ဘဏ်အား ဝင်ရောက်လုယက် ဓားပြတိုက်သူများမှာ ပေါင်းလှရွာအခြေပြု စစ်ကိုင်းခရိုင် PDF တပ်ရင်း(၂) ဆင်ရိုင်း (ခ) ခိုင်ဇော်လင်း ဦးဆောင်သော အဖွဲ့ဖြစ်ကြောင်းနှင့်အသေဖမ်းဆီးရမိသည့် အကြမ်းဖက်သမားမှာ ၎င်းအဖွဲ့မှ ကိုနောင်ဖြစ်ကြောင်း သိရသည်။



လုယက်ဓားပြတိုက်မှုမှ ထွက်ပြေး လွတ်မြောက်လျက်ရှိသည့် ဖမ်းဆီးရန်ကျန်ရှိသည့် တရားခံများအား ထပ်မံဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့ဝင်/မြို့ထွက် နေရာများအား ပိတ်ဆို့၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ်ကွက်ရှိ ကမ္ဘောဇဘဏ်(၁)အား ဝင်ရောက်လုယက် ဓားပြတိုက်ခဲ့သည့်အဖွဲ့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းဖမ်းဆီးခဲ့ရာမှ ဓားပြတိုက်ယူဆောင်ထားသည့်ငွေများနှင့် သက်သေခံပစ္စည်းများ သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။

---

# လားရှိုးမြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များအား သတ်မှတ်ချက်များနှင့်အညီ ဖြန့်ဖြူးရောင်းချခြင်း ရှိ/ မရှိ စစ်ဆေးရေးအဖွဲ့များ ရှောင်တခင်စစ်ဆေး

**လားရှိုး ဇွန် ၁၉**

စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနလက်အောက်ရှိ ပြည်နယ်ကြီးကြပ်စစ်ဆေးရေး အရာရှိရုံး၊ ရှမ်း(မြောက်) လားရှိုးမြို့ရှိ တာဝန်ရှိသူများပါဝင်သော စစ်ဆေးရေးအဖွဲ့များသည် ယမန်နေ့က လားရှိုးမြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များသို့ ရှောင်တခင်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သည်။



လားရှိုးမြို့ပေါ်ရှိ စက်သုံးဆီဆိုင်များအား သတ်မှတ်ရည်ညွှန်းဈေးနှုန်းများအတိုင်း ရောင်းချခြင်း၊ အခြင်အတွယ် ပြည့်မီမှန်ကန်မှု၊ သတ်မှတ်ချက်များနှင့် အညီရောင်းချခြင်း၊ အများပြည်သူသို့ အဆင်ပြေစွာရောင်းချခြင်း၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှု ရှိ/မရှိနှင့် ပုံး/ခွက်များဖြင့် တစ်ဆင့်ရောင်းချမှုမရှိစေရေးတို့ကို ရှောင်တခင်စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

လားရှိုးမြို့ပေါ်ရှိ စက်သုံးဆီဆိုင်များကို သတ်မှတ်ရည်ညွှန်းဈေးနှုန်းများအတိုင်း ရောင်းချခြင်း ရှိ/မရှိနှင့် သတ်မှတ်ချက်များအတိုင်း ရောင်းချခြင်း ရှိ/မရှိကို အခါအားလျော်စွာ ရှောင်တခင်စစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ ဆက်)**



သန်လျင်မြို့ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး လူထုအသိပညာပေးဆိုင်းဘုတ်ဖွင့်ပွဲကို ဇွန် ၁၉ ရက်က ဘုရားလမ်း နာရီစင်လမ်းဆုံထိပ်၌ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်နှင့်အဖွဲ့ဝင်များ ဆိုင်းဘုတ်အား အမွှေး နံ့သာရည်များ ပက်ဖျန်းပေးစဉ်။ သန်းဝင်း(သန်လျင်)

**သစ်ပင်စိုက်မှ အရိပ်ရ၏။ ရိပ်ခိုနားနေ အပန်းဖြေ၏**

## နယူးဇီလန်၌ အရက်ကြောင့်ထိခိုက်နစ်နာဆုံးရှုံးမှု အမေရိကန်ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံရှိ

**ဝယ်လင်တန် ဇွန် ၁၉**

နယူးဇီလန်နိုင်ငံတွင် အရက်ကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံခန့်ရှိသည်ဟု နောက်ဆုံးဖော်ပြထားသည့် အစီရင်ခံစာအရ သိရသည်။

အရက်ကြောင့် ထိခိုက်နစ်နာမှုများထဲတွင် အတူနေကြင်ဖော်၏ အကြမ်းဖက်မှု၊ ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်ခံရမှု၊ အရက်သေစာသောက်စားမှုကြောင့် ဖြစ်ပေါ်ရသည့် ယာဉ်မတော်တဆမှု၊ လမ်းပျက်စီးမှု၊ လူမှုရေးကုန်ကျစရိတ်များ၊ အရက်သောက်သုံးမှုကြောင့် ကုန်ထုတ်စွမ်းအားကျဆင်းခြင်း၊ လုပ်ငန်းခွင်ပျက်ကွက်ခြင်းနှင့် ရာဇဝတ်မှုဖြစ်ပွားခြင်း အစရှိသည်တို့ ပါဝင်ပြီး ယင်းအချက်များကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ နယူးဇီလန်စီးပွားရေးသုတေသနအင်စတီကျူုက စုစည်းကာ အစီရင်ခံစာတင်ပြခြင်းဖြစ်သည်။

အဆိုပါအစီရင်ခံစာကို ဇွန်၁၈ ရက်က ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး အရက်ရရှိနိုင်မှုအပေါ် ကန့်သတ်ချက်များထားရှိခြင်း၊ အရက်ဈေးနှုန်းတိုးမြှင့်ခြင်းတို့ ဆောင်ရွက်ခြင်းစသည့် အပြုသဘောဆောင်သည့် လုပ်ဆောင်မှုများ လုပ်ဆောင်နိုင်သည်ဟု အရက်ကျန်းမာရေးစောင့်ကြည့်အဖွဲ့က ပြောသည်။ **ဆင်ဟွာ**

## မေလတွင် ဂျပန်နိုင်ငံသို့ နိုင်ငံခြားခရီးသွားဝင်ရောက်မှု ၃ ဒသမ ၀၄ သန်းရှိ

**တိုကျို ဇွန် ၁၉**

ဂျပန်နိုင်ငံ၌ မေလတွင် နိုင်ငံခြားခရီးသွား စုစုပေါင်း ၃၀၄၀၁၀၀ ဦးရှိခဲ့ကြောင်းနှင့် သုံးလဆက်တိုက် သုံးသန်း ကျော်လွန်လာခြင်းဖြစ်ကာ မေလတွင် စံချိန်တင်မြင့်တက်ခဲ့ကြောင်း ဗုဒ္ဓဟူးနေ့က ဖော်ပြသော အစိုးရအချက်အလက်များအရ သိရသည်။

အဆိုပါ အရေအတွက်ပမာဏသည် ယခင်နှစ် မေလနှင့်နှိုင်းယှဉ်လျှင် ၆၀ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာပြီး ၂၀၁၉ ခုနှစ် မေလနှင့်နှိုင်းယှဉ်လျှင် ၉ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဂျပန်အမျိုးသား ခရီးသွားလုပ်ငန်းအဖွဲ့က ထုတ်ပြန်သော အချက်အလက်အရ သိရသည်။

ယခုနှစ် ပထမငါးလအတွင်း ပြည်ဝင်ခရီးသွား အရေအတွက် စုစုပေါင်းမှာ ၁၄ ဒသမ ၆ သန်းရှိသည်ဟု ဆိုသည်။ ကမ္ဘာ့နေရာဒေသအများအပြားတွင် ကျောင်းပိတ်ရက်၊ အားလပ်ရက်များအတွင်း ခရီးသွားလိုအပ်ချက် မြင့်တက်လာမှုအပါအဝင် အကြောင်းရင်းများစွာကြောင့် ထိုကဲ့သို့ တစ်ဟုန်ထိုးမြင့်တက်လာခြင်းဖြစ်ကြောင်း ခရီးသွားလုပ်ငန်းအဖွဲ့က မှတ်ယူထားသည်။



ဂျပန်နိုင်ငံသို့ ခရီးသွားဝင်ရောက်မှုအများဆုံးမှာ တောင်ကိုရီးယားနိုင်ငံက ခရီးသွား ၇၃၈၈၀၀ ဦးဖြင့် အများဆုံးဖြစ်ပြီး ၂၀၁၉ ခုနှစ် ကိုဗစ်ကပ်ရောဂါမတိုင်မီကာလကထက် ၂၂ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်လာကြောင်း သိရသည်။ တရုတ်နိုင်ငံက ခရီးသွားဝင်ရောက်မှု ၅၄၅၄၀၀ ဦးရှိပြီး ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၂၇ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

မေလတွင် ပြည်ပထွက် ဂျပန်ခရီးသွား အရေအတွက်မှာ ၄၈၆၇၇၀၀ ဦးရှိသည့်အတွက် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၆၇ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာသော်လည်း ၂၀၁၉ ခုနှစ်နှင့်နှိုင်းယှဉ်လျှင် ၃၉ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းလျက်ရှိနေကြောင်း သိရသည်။ **ဆင်ဟွာ**

## ဆီးရီးယားဒုက္ခသည်များ၏ အချက်အလက်များကို ထောက်ပံ့ပေးရန် ယူအင်န်အိတ်ချ်စီအာကို လက်ဘနွန်တိုက်တွန်း

**ဘေရွတ် ဇွန် ၁၉**

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်န်အိတ်ချ်စီအာ) အနေဖြင့် ဆီးရီးယားဒုက္ခသည်များဆိုင်ရာ အချက်အလက်များပေးပို့မှု ဆက်လက်နှောင့်နှေးနေမည်ဆိုပါက လက်ဘနွန်အာဏာပိုင်များသည် နယ်စပ်ရှိ ဆီးရီးယားဒုက္ခသည်များအရေး ဖြေရှင်းရန် အစီအစဉ်သစ်တစ်ခုကို အကောင်အထည်ဖော်သွားမည်ဟု လက်ဘနွန်နိုင်ငံ၏ အထွေထွေလုံခြုံရေး ညွှန်ကြားရေးမှူးချုပ် အဲလိုက်ယက် အယ်-ဘေဆာရီက ဇွန် ၁၉ ရက်တွင် ပြောသည်။

လက်ဘနွန်နိုင်ငံတွင် ယခုရှိနေသည့် ဆီးရီးယားဒုက္ခသည်များ၏ အချက်အလက် အပြည့်အစုံကို ထောက်ပံ့ပေးရန် ယူအင်န်အိတ်ချ်စီအာကို ထပ်မံတောင်းဆိုကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် ဆီးရီးယားဒုက္ခသည်များ အချက်အလက် လွှဲပြောင်းမှုနှင့် ပတ်သက်၍ ယူအင်န်အိတ်ချ်စီအာနှင့် လက်ဘနွန်အစိုးရတို့ သဘောတူညီမှုတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

ယနေ့အထိ ယူအင်န်အိတ်ချ်စီအာသည်ဆီးရီးယားဒုက္ခသည်များ၏ အချက်အလက်များကို ပေးပို့ခဲ့ခြင်းမရှိကြောင်း လက်ဘနွန်အာဏာပိုင်များက ပြောသည်။ လက်ဘနွန်အစိုးရက ပြုလုပ်သည့် နောက်ထပ်ပြုလုပ်မည့် အစီအစဉ်သစ်တစ်ရပ်တွင် ရွှေ့ပြောင်းလာသည့် ဆီးရီးယားဒုက္ခသည်များ အရေအတွက်ကို ကောက်ယူရန် အချက်အလက်စင်တာ ထူထောင်မည်ဖြစ်ပြီး ၎င်းတို့ကိုနေရပ်ပြန်ပို့ရန် ထိန်းသိမ်းရေးစခန်းများ ထူထောင်ခြင်းတို့ ပါဝင်သည်။

လက်ဘနွန် နိုင်ငံတွင် ဆီးရီးယားဒုက္ခသည် နှစ်သန်းခန့်ကိုလက်ခံထားသည်ဟုလက်ဘနွန်အာဏာပိုင်များက ခန့်မှန်းထားပြီး အဆိုပါ ဒုက္ခသည်များကြောင့် တိုင်းပြည်၏ အခြေခံအဆောက်အအုံများပေါ်တွင် ကြီးကြီးမားမားသက်ရောက်မှုရှိသည်ဟု အာဏာပိုင်များက ပြောသည်။ **ဆင်ဟွာ**





## အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်၌ ရေကြီးမှုကြောင့် သေဆုံးသူ ၃၁ ဦးအထိရှိလာ

**နယူးဒေလီ ဇွန် ၁၉**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်၌ ဆက်လက်ဖြစ်ပွားလျက်ရှိသော ရေကြီးမှုအခြေအနေသည် ဆိုးရွားလာပြီး ယခုအချိန်အထိ ၃၁ ဦး သေဆုံးခဲ့ပြီးဖြစ်သည်ဟု အရာရှိများက ဇွန် ၁၉ ရက်တွင် ပြောကြားသည်။

ဇွန် ၁၈ ရက် ညပိုင်းတွင် ရဲတပ်ဖွဲ့ဝင်များ၏ ပြောကြားချက်အရ မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုကြောင့် ငါးဦးသေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးသူများမှာ အသက် ၅၅ နှစ်ရှိ အမျိုးသမီးတစ်ဦးနှင့် အသက် ၁၈နှစ်၊ ၁၆ နှစ်နှင့် ၁၁ နှစ်ရှိ ၎င်း၏သမီးသုံးဦးဖြစ်သည်။ အသက်သုံးနှစ်ရှိ ကလေးငယ်တစ်ဦး၏အလောင်းကို အပျက်အစီးကြားမှ တူးဖော်တွေ့ရှိခဲ့ကြသည်။

အာသံပြည်နယ် သဘာဝဘေးဒုက္ခစီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က ဒေသ ၁၅ ခုရှိ လူဦးရေ ၁၆၁၂၀၉ ဦး ရေကြီးမှုဒဏ် ခံစားခဲ့ရကြောင်း ပြောသည်။ ကာရင်ဂါနီဒေသသည် အဆိုးဆုံးဖြစ်ပြီး လူဦးရေ ၁၅၂၁၃၃ ဦး ရေကြီးမှုဒဏ် ခံခဲ့ရသည်။ ရေဘေးသင့်ဒေသများတွင် စိုက်ပျိုးမြေဧရိယာ ၁၃၇၈ ဒသမ ၆၄ ဟက်တာ ရေကြီးနစ်မြုပ်ခဲ့သည်။ ဒေသန္တရအစိုးရသည် ရေဘေးသင့်ဒေသတွင် ဒုက္ခသည်ကယ်ဆယ်ရေးစခန်းပေါင်း ၄၃ ခုကို ဖွင့်လှစ်ပေးခဲ့သည်။

ဒုက္ခသည်ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်းနှင့် ကယ်ဆယ်ရေးစခန်း ၄၃ ခုတွင် လူဦးရေ ၅၁၁၄ ဦးကို နေရာချထားပေးခဲ့ကြောင်း အရာရှိများက ပြောသည်။ အခြေခံအဆောက်အအုံများ ပျက်စီးခြင်း၊ ဆည်ကျိုးခြင်း၊ လမ်းနှင့်တံတားများ ပျက်စီးခြင်းက ရေဘေးသင့်ဒေသများကို ကူညီထောက်ပံ့မှုများ လုပ်ဆောင်ရာတွင် အနှောင့်အယှက်များဖြစ်ပေါ်စေသည်။

လွန်ခဲ့သောလက အနောက်ဘင်္ဂလားကမ်းခြေနှင့် ဘင်္ဂလားဒေ့ရှ်ကမ်းရိုးတန်းများကြားတွင် ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း ရီမဲလ်ကြောင့် အာသံနှင့် မဏိပူရပြည်နယ်များတွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

## ဆီးရီးယားတောင်ပိုင်းကို အစ္စရေးက ဒရုန်းဖြင့် တိုက်ခိုက်မှုကြောင့် ဆီးရီးယားအရာရှိတစ်ဦး သေဆုံး

**ဒမတ်စကတ် ဇွန် ၁၉**

အစ္စရေးတပ်ဖွဲ့က ဗုဒ္ဓဟူးနေ့ နံနက်အစောပိုင်းတွင် ဆီးရီးယားနိုင်ငံတောင်ပိုင်းသို့ ဒရုန်းတိုက်ခိုက်မှုပြုလုပ်ရာ ဆီးရီးယားအရာရှိတစ်ဦး သေဆုံးခဲ့ကြောင်း ဆီးရီးယားကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

အဆိုပါ တိုက်ခိုက်မှုသည် ဆီးရီးယားနိုင်ငံတောင်ပိုင်း ကွင်နီထရာနှင့် ဒါရာပြည်နယ်တို့ရှိ ဆီးရီးယားစစ်အခြေစိုက်စခန်းနှစ်ခုကို ပစ်မှတ်ထားကာ ဒေသစံတော်ချိန် နံနက် ၇ နာရီဝန်းကျင်တွင် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းတိုက်ခိုက်မှုကြောင့် ဆီးရီးယားအရာရှိတစ်ဦး သေဆုံးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

ဆီးရီးယားအစိုးရက အစ္စရေး၏ ရန်လိုသောလုပ်ရပ်ဟု ပြောကြားကာ ယင်းတိုက်ခိုက်မှုကို ပြစ်တင်ရှုတ်ချခဲ့သည်။ မကြာသေးမီနှစ်များအတွင်း အစ္စရေးနှင့် ဆီးရီးယားနိုင်ငံတို့အကြား တင်းမာမှုမြင့်တက်လာခဲ့သည်။ အစ္စရေး၏လုပ်ဆောင်မှုများက နယ်စပ်အနီး အီရန်၏ အရှိန်အဝါကြီးထွားလာမှုကို တားဆီးကာကွယ်ရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု အကြိမ်ကြိမ်ပြောကြားထားကြောင်း သိရသည်။

**ဆင်ဟွာ**

မြန်မာ့အလင်း



# ကချင်ပြည်နယ်ဒေသထွက် လိုက်ချီးသီးများ အရောင်းအဝယ်ဖြစ်





ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ဝိုင်းမော်မြို့နယ်နှင့် ဗန်းမော်မြို့နယ်များတွင် ဥယျာဉ်ခြံများနှင့် အိမ်ခြံဝင်းများ၌ လိုက်ချီးသီး (ဒေသအခေါ် တရုတ်ဆီးသီး/ လေချူသီး) များကို တစ်နိုင်တစ်ပိုင်အပြင် စီးပွားဖြစ် စိုက်ပျိုးလျက်ရှိရာ မေလမှစတင်၍ လိုက်ချီးသီးများ ထွက်ပေါ်၍ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ကချင်ပြည်နယ်အတွင်းတွင် အခွံထူပြီး အစေ့ကြီးကာ အသားပါး၍အချဉ်ဓာတ်ကဲသော အမျိုးအစားနှင့် အခွံပါးပြီးအစေ့သေးကာ အသားထူ၍ ချိုမွှေးသော အမျိုးအစားဟူ၍ အမျိုးအစားနှစ်မျိုးကို စိုက်ပျိုးလျက်ရှိပြီး ကချင်ပြည်နယ်မှထွက်ရှိသော လိုက်ချီးသီးများကို စားသုံးသူများ ကြိုက်နှစ်သက်သောကြောင့် ဈေးကွက်အတွင်း အရောင်းသွက်လျက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် သီးနှံကုန်သည်များမှ အပင်ပြတ်ဝယ်ယူမှုများရှိသကဲ့သို့ အလုံးရေအလိုက် လက်ကားဝယ်ယူမှုများလည်းရှိရာ အပင်ပြတ်ဝယ်ယူရာတွင် အသီးအမျိုးအစားနှင့် အရေအတွက်အပေါ် မူတည်၍လည်းကောင်း၊ အလုံးရေအလိုက် ဝယ်ယူရာတွင် အသီးအမျိုးအစားပေါ် မူတည်၍လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် လိုက်ချီးသီးများကို ဒေသတွင်းဈေးများ၊ သစ်သီးဆိုင်များ၊ ဖားကန့်၊ မိုးညှင်း၊ တနိုင်းနှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ်တွင် ယခင်နှစ်ကထက် ဈေးနှုန်းပိုမိုရရှိသောကြောင့် လိုက်ချီးသီးစိုက်ပျိုးရောင်းချသော ပိုင်ရှင်များအနေဖြင့် မိသားစုဝင်ငွေ ပိုမိုရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရှိရသည်။

**DOCA (ကချင်)**

## မုံရွာမြို့နယ်၌ ကွမ်းအထွက်နှုန်းတိုး၍ ဈေးနှုန်းကျဆင်း

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ကွမ်းကို မိမိတို့အိမ်ခြံဝင်းအတွင်း အပိုဝင်ငွေရရှိရန်အတွက် တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက်ဟူ၍ နှစ်မျိုးခွဲ စိုက်ပျိုးကြရာ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အနည်းငယ်သာ စိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

မုံရွာမြို့နယ်၌ ဖြစ်ပေါ်နေသော ကွမ်းဈေးနှုန်းများအနေဖြင့် အရည်အသွေးအပေါ် မူတည်၍ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး မိုးဦးရာသီဖြစ်သည့်အတွက် ကွမ်းအထွက်နှုန်းတိုးကာ ဈေးကွက်အတွင်းသို့ ကုန်ဝင်ရောက်မှုများခြင်းကြောင့် ဈေးနှုန်းများကျဆင်းလျက်ရှိကာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရှိရသည်။

**DOCA(စစ်ကိုင်း)**



## မိတ္ထီလာမြို့နယ်ထွက် ခရမ်းချဉ်သီးဈေးကောင်းရ၍ တောင်သူများ အကျိုးအမြတ်ရ

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ ကျောက်ဖူး၊ တောမ၊ ကံတောင်ကျေးရွာများမှ တောင်သူများအနေဖြင့် မိသားစုအပိုဝင်ငွေအဖြစ် စားဖိုဆောင်သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဈေးကွက်အတွင်း ဈေးကောင်းရလျက်ရှိသည့် ခရမ်းချဉ်သီးကို ပိုမိုစိုက်ပျိုးလာကြကြောင်း သိရသည်။



ခရမ်းချဉ်သီးကို တစ်နှစ်လျှင် သုံးကြိမ်စိုက်ပျိုးရာ ဇွန်လ၊ ဩဂုတ်လနှင့် နိုဝင်ဘာလများတွင် စိုက်ပျိုးကြကြောင်း၊ ခရမ်းချဉ်သီးစိုက်ပျိုးရာတွင် ဧကအလိုက် အနည်းငယ်စိုက်ပျိုးပြီး တစ်ပိုင်တစ်နိုင် ပျိုးထုပ်များဖြင့် ပိုမိုစိုက်ပျိုးကြကြောင်း၊ ခရမ်းချဉ်သီးမျိုးအနေဖြင့် ယိုးဒယားမျိုး ၁၁၁ တံဆိပ်နှင့် ၁၀၀ တံဆိပ်နှစ်မျိုးကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

ခရမ်းချဉ်သီးမျိုးစေ့များကို သောင်ပေါ်တွင် အတန်းလိုက် (သို့မဟုတ်) ကြဲပက်ပျိုးထောင်ပြီး ပျိုးပင် ၂၀ ရက်သားခန့် အချိန်တွင် ပြောင်းရွှေ့စိုက်ပျိုးရကြောင်း၊ ဈေးကွက်အနေဖြင့် မိတ္ထီလာမြို့ပေါ်ရှိ ခရမ်းချဉ်သီးပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိပြီး တောင်သူများထိုက်သင့်သည့် အကျိုးအမြတ်ရလျက်ရှိကြောင်း ခရမ်းချဉ်သီးစိုက် တောင်သူများထံမှ သိရှိရသည်။

**DOCA(မန္တလေး)**

## ဈေးကွက်ဝင် နွေနှမ်း စိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်သည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်လျက်ရှိပြီး ဆိပ်ဖြူမြို့ ရွာသစ်အနောက်ပိုင်းရပ်ကွက်ရှိ တောင်သူများသည် ကိုင်းကျွန်းမြေနှင့် ရိတ်သိမ်းပြီးသည့် ကုလားပဲစိုက်ခင်းများ(ကုလားပဲခင်းကျွတ်)တွင် နွေနှမ်း(ဂျပန်နှမ်းဖြူ) မျိုးကို သီးထပ်သီးနှံအဖြစ် စိုက်ပျိုးဧက ၂၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဂျပန်နှမ်းဖြူကို ရေသွင်းစိုက်ပျိုးရပြီး မတ်လတွင် စတင်စိုက်ပျိုး၍ ဇွန်လဆန်းပိုင်းတွင် ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ငါးသိန်းခန့်ကုန်ကျပြီး ပျမ်းမျှ ၁၀ တင်းခန့်ထွက်ရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် ဂျပန်နှမ်းဖြူ တစ်ဧကလျှင် ငွေကျပ် ရှစ်သိန်းခန့်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မကွေးမြို့ပေါ်ရှိ ဆီစက်လုပ်ငန်းများ၊ ချောက်မြို့နှင့် စလင်းမြို့များသို့ ရောင်းချလျက်ရှိကြောင်းနှင့် ပြည်ပမှလည်း ဝယ်ယူမှုပိုမိုများပြားလာသောကြောင့် တောင်သူများ အကျိုးအမြတ်ပိုမိုရရှိနေကြောင်း ဒေသခံတောင်သူများထံမှ သိရှိရသည်။

**DOCA (မကွေး)**

### ၁၉ – ၆ – ၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ဇရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | ၆၂၅၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၅၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၈၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၂၅ | ၁၆၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၁၃၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၈၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၅၀၀ | | ၇၅၀၀ | ၁၇၀၀၀ | – | ၁၇၅၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၄၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၄ | တောင်ကြီး | ၃၄၀၀ | ၃၄၀၀ | ၇၅၀၀ | ၁၆၅၀၀ | ၅၉၅၀ | ၁၉၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၆၀၀ | ၉၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၃၅၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၄၀၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ၆၁၅၀ | ၁၁၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၃၂၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၆ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၉၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၄၃၀၀ | | ၇၃၀၀ | ၁၇၀၀၀ | ၆၂၅၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၉၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၈ | မြိတ် | ၄၀၀၀ | | ၆၁၀၀ | ၁၆၅၀၀ | ၆၄၀၀ | ၁၂၅၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၁၃၅၀၀ | ၁၅၀၀၀ | ၉၅၀ | ၉၀၀၀ | ၇၀၀၀ | ၅၃၀၀ | ၄၀၀၀ | ၅၃၀၀ | ၁၃၅၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၉ | ရန်ကုန် | ၄၀၀၀ | | ၆၀၀၀ | ၁၇၀၀၀ | ၅၇၇၀ | ၁၀၀၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၆၅၀၀ | ၃၂၀၀ | ၅၇၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၈၅၀ | | ၅၈၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၁၀၀၀ | ၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၁ | ဟားခါး | | | ၈၅၀၀ | ၁၉၅၀၀ | – | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | ၃၁၅၀ | ၆၄၀၀ | ၁၄၀၀၀ | ၆၄၅၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၇၂၀၀ | ၇၂၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၃ | မန္တလေး | ၄၇၀၀ | | ၇၂၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၁၁၀၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၇၄၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၅၀၀ | ၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၂၀၀ | | ၆၃၀၀ | ၁၃၀၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၈၅၀၀ | ၉၅၀၀ | ၇၀၀ | ၇၅၀၀ | ၇၅၀၀ | ၆၀၀၀ | ၂၈၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မကွေး | ၃၈၅၀ | | ၇၇၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၁၁၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၃၅၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၃၇၀၀ | ၃၄၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပြည် | ၃၄၀၀ | | ၆၀၀၀ | ၁၇၀၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၅၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၇ | ပဲခူး | ၃၄၀၀ | | ၆၀၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၈၅၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၄၀၀ | ၄၀၀၀ | ၃၂၀၀ | ၅၅၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၈၅၀ | | ၆၈၅၀ | ၁၅၄၀၀ | ၅၇၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၂၄၀၀ | ၁၃၄၀၀ | ၇၀၀၀ | ၈၂၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၆၂၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၄၅၀၀ | ၁၇၅၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၁၉ | နေပြည်တော် | ၃၈၅၀ | | ၆၈၅၀ | ၁၆၀၀၀ | ၅၇၀၀ | ၁၂၆၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၁၃၈၀၀ | ၇၂၀၀ | ၉၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၆၅၀၀ | ၃၂၀၀ | ၅၂၀၀ | ၁၅၂၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၀ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၁၀၀၀၀ | ၂၅၀၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၁၂၅၀၀ | ၆၀၀၀ | ၁၁၀၀၀ | ၁၂၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၂၁၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဝင်းနိမ္မိတာရုံကျောင်း ဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသ မဟာန(ငြိမ်း) ပျံလွန်တော်မူခဲ့ရပြီး ကန်သုံးဆင့် ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဂုဏိကာဘိဝံသ မဟာန(ငြိမ်း)နှင့် ယာဉ်မောင်းတို့ ထိခိုက်ဒဏ်ရာရရှိခဲ့

**နေပြည်တော် ဇွန် ၁၉**

**ယနေ့ မွန်းလွဲ ၁ နာရီခွဲခန့်တွင် မြို့သာမြို့နှင့် ကမ္မရွာအကြားတွင် နယ်မြေလုံခြုံရေး ချီတက်ရှင်းလင်းစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အင်အားစိစစ်ဆဲ PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဆွဲ တိုက်ခိုက်ခဲ့ရာ နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှုဖြစ်စဉ် ဖြစ်ပွားခဲ့သည်။**

အဆိုပါဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား စတင်မိုင်းဆွဲတိုက်ခိုက်ချိန်၌ သကျင်ရွာဘက်မှ မြို့သာမြို့ဘက်သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးသည် ပစ်ခတ်မှုဖြစ်ပွားနေသည့် နေရာအတွင်းသို့ မောင်းနှင်ဝင်ရောက်လာခဲ့ရာ အဆိုပါယာဉ်မှာ PDF အမည်ခံ အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် ဖြစ်စဉ်နေရာမှ မီတာ ၂၅၀ ခန့်တွင် လမ်းဘေးသို့ ထိုးကျ တိမ်းမှောက်သွားခဲ့သည်။

ဖြစ်စဉ် ဖြစ်ပွားပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါယာဉ်အား သွားရောက်စစ်ဆေးခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမားများ၏ မိုင်းဆွဲတိုက်ခိုက်ပစ်ခတ်မှုများကြောင့် ယာဉ်ပေါ်၌ ပျံလွန်တော်မူနေသည့် ဆရာတော်တစ်ပါးအပါအဝင် ဒဏ်ရာရရှိနေသည့် ဆရာတော်တစ်ပါးနှင့် ယာဉ်မောင်းတို့အား တွေ့ရှိကယ်ထုတ်နိုင်ခဲ့သည်။ ဖြစ်စဉ်တွင် ဦးခေါင်းနောက်စေ့တော်၌ လက်နက်ငယ် ထိမှန်ဒဏ်ရာရရှိပြီး ပျံလွန်တော်မူခဲ့သည့် ဆရာတော်မှာ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဝင်းနိမ္မိတာရုံကျောင်း ဆရာတော် ဘဒ္ဒန္တ မုနိန္ဒာ ဘိဝံသ မဟာန(ငြိမ်း) ဟု သိရှိရပြီး မှန်ကွဲစဒဏ်ရာ ရရှိတော်မူခဲ့သည့် ဆရာတော်မှာ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ကန်သုံးဆင့် ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဂုဏိကာဘိဝံသ မဟာန(ငြိမ်း) ဖြစ်ကြောင်း သိရှိရကာ ယာဉ်မောင်း ဦးကျော်ဝင်းမှာ ဝဲဘက်လက်၌ လက်နက်ငယ် ထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း ပဏာမစစ်ဆေးတွေ့ရှိရသည်။

ဖြစ်စဉ်တွင် ပျံလွန်တော်မူခဲ့သည့် ဆရာတော်၏ ရုပ်ကလာပ်တော်နှင့် ဒဏ်ရာရရှိထားသော ဆရာတော်၊ ယာဉ်မောင်းတို့အား



PDF အမည်ခံအကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ကန်သုံးဆင့် ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဂုဏိကာဘိဝံသ အား ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနေမှုကို တွေ့ရစဉ်။

မန္တလေးမြို့ တံတားဦးပြည်သူ့ဆေးရုံမှတစ်ဆင့် နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖြစ်စဉ်ပတ်ဝန်းကျင်တစ်ဝိုက် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပြီး ဖြစ်စဉ်ဖြစ်ပွားခဲ့မှုနှင့်ပတ်သက်၍ ယာဉ်မောင်းဖြစ်သူ ဦးကျော်ဝင်း၏ ပြောကြားချက်ကိုလည်း ယခုလို သိရှိရသည်။

ကျွန်တော်ကတော့ ယာဉ်မောင်း ကိုကျော်ဝင်းဖြစ်ပါတယ်။ ဒီနေ့ ဆရာတော်နှစ်ပါး ဘဒ္ဒန္တမုနိန္ဒာဘိဝံသနှင့် ဘဒ္ဒန္တဂုဏိကာဘိဝံသ ရွာမှာဓမ္မာရုံကိစ္စအကြောင်း အကျိုးလေးတွေ ရှိတဲ့အတွက်ကြောင့် ကျွန်တော်နဲ့အတူ ဆရာတော်နှစ်ပါး ကြွလာပါတယ်။ ကမ္မရွာအထွက်မှာ PDF အကြမ်းဖက်သမားက သေနတ်နဲ့ ခုနစ်ချက်ပစ်တဲ့အတွက်ကြောင့် ဆရာ



ယာဉ်မောင်း ဦးကျော်ဝင်း

တော် ဦးမုနိန္ဒာဘိဝံသ ပျံလွန်တော်မူပြီး ဦးဂုဏိကာဘိဝံသနဲ့ ကျွန်တော်ကတော့ လက်အကြီးအကျယ်ဒဏ်ရာရပြီး တပ်မတော်က ကုသဆောင်ရွက်ပေးနေပါတယ်။

အဆိုပါ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ကန်သုံးဆင့် ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဂုဏိကာဘိဝံသ မဟာန(ငြိမ်း) နှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဝင်းနိမ္မိတာရုံကျောင်း ဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသ မဟာန(ငြိမ်း) ဆရာတော်နှစ်ပါးတို့သည် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် (ရွှေကျင်နိကာယ ဗဟိုဌာန)၌ ၂၀၂၄ ခုနှစ် ဇွန် ၂၀ ရက်၌ ကျင်းပပြုလုပ်မည့် ရွှေကျင်နိကာယ ဗဟိုဌာန၏ အစည်းအဝေးတွင် အကြိုညှိနှိုင်းဆောင်ရွက်ရန် ရန်ကုန်မြို့မှ လေယာဉ်ဖြင့် တံတားဦးလေဆိပ်သို့ ယနေ့နံနက် ၁၀ နာရီတွင် ရောက်ရှိခဲ့ကြောင်း၊ ထို့နောက် ကန်သုံးဆင့် ဆရာတော်၏ ဇာတိဖြစ်သော ငါန်းဇွန်မြို့နယ် ကမ္မရွာသို့ တံတားဦး - ငါန်းဇွန် - သကျင် - ကမ္မ လမ်းကြောင်းအတိုင်း မော်တော်ယာဉ်ဖြင့် သွားရောက်စဉ် အဆိုပါ PDF အမည်ခံ အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကို ခံခဲ့ရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ငါန်းဇွန်မြို့နယ်အတွင်း မဟာန(ငြိမ်း) ဆရာတော်များ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်တစ်စီးအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့်ဖြစ်စဉ်ပြပုံ

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄ - က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇွန် ၁၈ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Moe Moe Khaing” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပုသိမ်မြို့နယ် မြကံသာနေ မိုးမိုးခိုင်(ခ) မိုးမိုးအား မွန်းတည့် ၁၂ နာရီတွင် ပုသိမ်ကြီးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံသို့ လာရောက်မည်ဆိုပါက ယုံကြည်ရသည့် အေဂျင်စီနှင့် ချိတ်ဆက်ပြီးမှ တရားဝင်လာရန် မြန်မာအလုပ်သမားရေး ဆောင်ရွက်သူ တိုက်တွန်း

ရန်ကုန် ဇွန် ၁၉

ထိုင်းနိုင်ငံက တရားမဝင် ဝင်ရောက်မှုများကို လုံခြုံရေးတိုးမြှင့်ကာ ဖမ်းဆီးမှုများနေသည့်အတွက် ယုံကြည်ရသည့် အေဂျင်စီနှင့် ချိတ်ဆက်



ထိုင်းနိုင်ငံဘက်ခြမ်းသို့ ဝင်ရောက်လာသည့် မြန်မာများကို တွေ့ရစဉ်။

ပြီးမှ တရားဝင်လာရန်အတွက် မြန်မာအလုပ်သမားရေး ဆောင်ရွက်သူ တစ်ဦးက တိုက်တွန်းပြောကြားသည်။

"စည်းကမ်းတင်းကျပ်တယ်ဆိုတာထက် လုံခြုံရေးပိုတိုးမြှင့်လိုက်ပြီဆိုရင် ပိုမှန်မှာပါ။ ဒေသဆိုင်ရာ အာဏာပိုင်တွေက နယ်မြေခံတွေနဲ့တွေ့ဆုံပြီး ရွာထဲကို မသင်္ကာဖွယ်ရာ လူစုတွေဝင်လာတယ်ဆိုတဲ့ သတင်းပေးဖို့တွေကအစ အသိပညာပေးနှိုးဆော်တာတွေ လုပ်လာတယ်။ နောက်ပြီးတော့ ဝင်လာမယ့် လမ်းကြောင်းမှာ ရှောင်တခင် စစ်ဆေးရေးဂိတ်ချပြီး စစ်ဆေးတာမျိုးတွေ ပိုတိုးလုပ်လာတာပါ။ ဒါကြောင့်လည်း အခုနောက်ပိုင်း တရားမဝင်နယ်စပ်ဖြတ်ကျော်လာတဲ့ မြန်မာတွေကို ဖမ်းဆီးရမိမှုတာမှာ နယ်မြေခံက သတင်းပေးလာတာကြောင့် ပိုပြီးဖမ်းဆီးရမိလာတွေရှိပါတယ်" ဟု အထက်ပါ အလုပ်သမားရေး ဆောင်ရွက်သူက ဆိုသည်။

တရားမဝင်လာရောက်လျှင် အခက်အခဲပေါင်းစုံဖြင့် လာရောက်ရသဖြင့် အသက်အန္တရာယ်ရှိသကဲ့သို့ ဝင်လာသည့်လမ်းတစ်လျှောက်တွင် စစ်ဆေးရေးများကြောင့် လိုက်ဖမ်းလျှင်လည်း ကားသမားမောင်းပြေးသည့်အခါမျိုး၌ ယာဉ်တိမ်းမှောက်သည့် အန္တရာယ်လည်းရှိနိုင်ကြောင်း ၎င်းက ပြောကြားသည်။ အကယ်၍ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့ရောက်ရှိလျှင်လည်း စစ်ဆေးရေးကာလနှင့်ကြုံလျှင် ဖမ်းဆီးခံရနိုင်ခြေရှိကြောင်းလည်း ၎င်းက ဆိုသည်။

ထို့ကြောင့် MoU စနစ်ဖြင့် တရားဝင်လမ်းကြောင်းမှသွားရောက်စေလိုကြောင်း၊ MoUစနစ်ဖြင့် သွားရောက်မည်ဆိုပါက MoU စနစ်ကို အမှန်တကယ်လိုက်နာပြီး ကျင့်သုံးသည့် အေဂျင်စီများနှင့် စက်ရုံများသို့ ရောက်သည့်အလုပ်သမားများက MoU စနစ်ကောင်းကျိုးကို ခံစားရသောကြောင့် ယုံကြည်ရသည့် အေဂျင်စီကို အဓိကထားရွေးချယ်ရန် လိုအပ်ကြောင်း၊ ထိုင်းကိုလာမည်ဆိုပါက အကူအညီတောင်းခံနိုင်မည့် သက်ဆိုင်ရာ အာဏာပိုင်များ၏ ဖုန်းနံပါတ်များကိုလည်း တစ်ပါတည်း မှတ်သားလာရန် လိုအပ်ကြောင်း ၎င်းက အကြံပြုပြောကြားသည်။

MT

---

❑ *ကျောဖုံးမှ*

ရှမ်းယူနိုက်တက်အသင်းသည် တောင်ပံတိုက်စစ်ကစားသမား ရဲရင့်အောင်၏ တစ်လုံးတည်းသောဂိုးဖြင့် ချန်ပီယံဆု ဆွတ်ခူးရယူနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပရိုစနစ်ကူးပြောင်းပြီးနောက် ကျင်းပသည့် ပြည်တွင်းပြိုင်ပွဲများဖြစ်သော MNL အမှတ်ပေးပြိုင်ပွဲ၊ ရှုံးထွက်ပြိုင်ပွဲ၊ MNL Cup ပြိုင်ပွဲနှင့် ယခုကျင်းပသော MNL League Cup ပြိုင်ပွဲတို့တွင် ချန်ပီယံဆုရယူနိုင်သည့် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ပြိုင်ပွဲအားလုံး ဗိုလ်စွဲသည့် တစ်သင်းတည်းသော အသင်းအဖြစ် စံချိန်တင်နိုင်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ကျော်ဇင်ဖြိုး (ဂိုး)၊ ဟိန်းသီဟဇော်၊ နန္ဒကျော်၊ ဘာကာယိုကို၊ ဝီလျံ၊ ကျော်ကိုကိုတို့ကို အသုံးပြုခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းသည် ဒဏ်ရာရနေသည့် ဟိန်းဇေယျာလင်းမှလွဲ၍ ဒေးဗစ်ထန်၊ တက်တာ၊ ရန်နိုင်ဦး၊ အဘူဘာကာ၊ ဆန်းဆက်နိုင်တို့ဖြင့် လူစုံခဲ့သည်။ ရန်ကုန်အသင်းသည် အထောင်တိုက်စစ်မှူးစစ်စစ် မပါဝင်သဖြင့် ဂိုးရရန် ရုန်းကန်ခဲ့ရသည်။

ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးကို ၃၈ မိနစ်တွင် တောင်ပံကစားသမား ရဲရင့်အောင်က သွင်းယူခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင် ကစားသမားများ ပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်းက ဂိုးပြန်မပေးရရန် ထိန်းချုပ်ကစားနိုင်ခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ သွင်းဂိုးအများဆုံးဆုရ ကျော်ကိုကို (ရှမ်းယူနိုက်တက်/ရခိုင်ယူနိုက်တက်) ကို ဆုတံဆိပ်နှင့် ဆုကြေးကျပ် ၁၀ သိန်း၊ ဒုတိယဆုရ ရန်ကုန်ယူနိုက်တက်အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးကျပ်သိန်း ၂၀၀၊ ပထမဆုရ ရှမ်းယူနိုက်တက်အသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးကျပ်သိန်း ၃၅၀ နှင့် ချန်ပီယံဆုဖလားတို့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်း ဒုဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် တို့က ဆုများပေးအပ်ချီးမြှင့်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-သော်လေး**

---

❖ *ကျောဖုံးမှ*

ပေါ်တူဂီအသင်းသည် ပွဲချိန်တစ်လျှောက် ချက်ဇ်အသင်းကို ဘောလုံးပိုင်ဆိုင်မှု၊ ဂိုးပေါက်ခြိမ်းခြောက်မှုများဖြင့် တစ်ဖက်သတ်ဖိအားပေး ကစားနိုင်ခဲ့သော်လည်း ပြိုင်ဘက်ခံစစ်နှင့် ဂိုးသမားတို့က အကောင်းဆုံးပုံစံဖြင့် ဟန့်တား ကာကွယ်ထားနိုင်မှုကြောင့် သွင်းဂိုးရရှိရေး ခက်ခဲခဲ့သည်။

ပွဲချိန် ၈၇ မိနစ်တွင် ဒီယေဂိုဂျိုတာ ချက်ဇ်အသင်းဘက်သို့ ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ် ပြန်လည်ကြည့်ရှုစစ်ဆေးပြီးနောက် ပယ်ဖျက်ခဲ့သည့်အတွက် နစ်နာခဲ့သည်။ သို့သော်လည်း ပွဲချိန် မိနစ် ၉၀ တွင် ဗစ်တင်ညာ၏ နေရာကို အစားထိုး ဝင်ရောက်လာသော ကွန်စီကာအိုက ၉၂ မိနစ်တွင် အဖိုးတန်အနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။

ပေါ်တူဂီအသင်းမှ အားထားရသည့် တိုက်စစ်ကစားသမား စီရော်နယ်ဒိုသည် ချက်ဇ်အသင်းဘက်သို့ ဂိုးကန်သွင်းခွင့် ငါးကြိမ်ထက်မနည်း ပြုလုပ်နိုင်ခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိခဲ့ပေ။ လာမည့်ပွဲစဉ်တွင် ပေါ်တူဂီအသင်းသည် တူကီယဲအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ချက်ဇ်အသင်းက ဂျော်ဂျီယာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ဇွန် ၁၈ ရက်ည ၁၀ နာရီခွဲတွင် ယှဉ်ပြိုင်သည့် တူကီယဲနှင့် ဂျော်ဂျီယာ တို့ပွဲတွင် တူကီယဲက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည်။ ဇွန် ၁၉ ရက် ည ၇ နာရီခွဲတွင် ယှဉ်ပြိုင်သည့် ခရိုအေးရှားနှင့် အယ်ဘေးနီးယားပွဲတွင် နှစ်ဂိုးစီ သရေဖြစ်ခဲ့သည်။

**အောင်ဇော်**

---

EURO2024 GERMANY

ယူရို ၂၀၂၄ အုပ်စုပွဲစဉ် (၂) မှ ပွဲစဉ်သုံးပွဲကို ဇွန် ၂၀ ရက် ညပိုင်းနဲ့ ဇွန် ၂၁ ရက် နံနက်ပိုင်းမှာ ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ နောက်တစ်ဆင့်တက်ရေးအတွက် အရေးပါတဲ့ ပွဲစဉ်တွေ ပါဝင်နေတာကြောင့် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

**ယူရို ၂၀၂၄ အုပ်စုပွဲစဉ် (၂)** June 20

| | | | |
|---|---|---|---|
| စလိုဗေးနီးယား | - | ဆားဘီးယား | ည ၇:၃၀ |
| ဒိန်းမတ် | - | အင်္ဂလန် | ည ၁၀:၃၀ |
| စပိန် | - | အီတလီ | နံနက် ၁:၃၀ |

# စပိန်ရဲ့တိုက်စစ်ကို အီတလီအသင်း ပွဲချိန်ပြည့် ဟန့်တားနိုင်မလား. .

■ မိုးဇက် - ရေးသားသည်



## စလိုဗေးနီးယား VS ဆားဘီးယား



ဆားဘီးယားက ပြီးခဲ့တဲ့ အဖွင့်ပွဲစဉ်မှာ နာမည်ကြီး အင်္ဂလန်ကို ခြေရည်တူကစားနိုင်ခဲ့ပေမယ့် တစ်ဂိုး - ဂိုးမရှိနဲ့ ကပ်ပြီးရှုံးနိမ့်ခဲ့တဲ့အတွက် ဒီပွဲစဉ်က မဖြစ်မနေ နိုင်ပွဲရရှိဖို့ လိုအပ်နေတယ်။

စလိုဗေးနီးယားက ဆားဘီးယားအသင်းထက် ခြေစွမ်းသာလွန်မှုမရှိပေမယ့် စုဖွဲ့မှုကျစ်လျစ်တယ်။ အခွင့်အရေးကို အသုံးချနိုင်တယ်။ သို့သော်လည်း ဆားဘီးယားအသင်းကို နိုင်ပွဲရယူနိုင်တဲ့အထိ စွမ်းဆောင်နိုင်မှု နည်းတယ်။



## ဒိန်းမတ် VS အင်္ဂလန်



အဖွင့်ပွဲစဉ်မှာ ဒိန်းမတ်ရဲ့ အသင်းလိုက်စွမ်းဆောင်ရည် ကောင်းမွန်မှုရှိတယ်ဆိုပေမယ့် အဆုံးသတ်ပိုင်း အားနည်းတယ်။ သွင်းဂိုးရရှိဖို့ နီးစပ်တဲ့ အခွင့်အရေးရသည့်တိုင် ဂိုးအဖြစ်ပြောင်းလဲနိုင်စွမ်း မရှိဘူး။

အင်္ဂလန်က ဖလားဆွတ်ခူးနိုင်ခြေမြင့်မားတဲ့ အသင်းဖြစ်တယ်ဆိုသော်ငြား ပြီးခဲ့တဲ့ ဆားဘီးယားနဲ့ပွဲမှာ မျှော်လင့်ထားသလောက် လုပ်ပြနိုင်စွမ်းမရှိဘူး။ အင်္ဂလန်အသင်းအနေနဲ့ အဆုံးသတ်သေချာမှ ဒိန်းမတ်အသင်းကို နိုင်ပွဲရဖို့ရှိတယ်။



## အီတလီ VS စပိန်



ပွဲစဉ် (၁) မှာ နှစ်သင်းစလုံး နိုင်ပွဲကိုယ်စီရရှိထားပြီး ဒီပွဲစဉ်မှာ နိုင်ပွဲရတဲ့အသင်း နောက်တစ်ဆင့်တက်လှမ်းခွင့် နီးစပ်သွားမှာဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာတယ်။

နှစ်သင်းကြားခြေစွမ်း သိသိသာသာ ကွာဟမှု မရှိဘူး။ အီတလီက နောက်ပွဲစဉ်မှာ ခရိုအေးရှားနဲ့ ကစားရမှာဖြစ်လို့ စပိန်ကို မနိုင်ရင်တောင် မရှုံးဖို့ လိုအပ်တယ်။ သို့သော်ငြား တိုက်စစ်ထက်မြက်တဲ့ စပိန်ကို အီတလီအသင်း ပွဲချိန်ပြည့် ဟန့်တားဖို့ ခက်မယ်။

**ယူရို ၂၀၂၄ အုပ်စု (ခ) ပွဲစဉ် (၁) အပြီး ရပ်တည်မှု**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| စပိန် | ၁ | ၁ | ၀ | ၀ | ၃ |
| အီတလီ | ၁ | ၁ | ၀ | ၀ | ၃ |
| အယ်ဘေးနီးယား | ၂ | ၀ | ၁ | ၁ | ၁ |
| ခရိုအေးရှား | ၂ | ၀ | ၁ | ၁ | ၁ |

**ယူရို ၂၀၂၄ အုပ်စု (ဂ) ပွဲစဉ် (၁) အပြီး ရပ်တည်မှု**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| အင်္ဂလန် | ၁ | ၁ | ၀ | ၀ | ၃ |
| ဒိန်းမတ် | ၁ | ၀ | ၁ | ၀ | ၁ |
| စလိုဗေးနီးယား | ၁ | ၀ | ၁ | ၀ | ၁ |
| ဆားဘီးယား | ၁ | ၀ | ၀ | ၁ | ၀ |

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၀-၆-၂၀၂၄ ကြာသပတေးနေ့

**MRTV HD**

**၀၆:၀၀** အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ခန္ဓပရိတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၄၀** နယုန်လတွင်စာသင်
**၀၉:၁၅** NRC အစီအစဉ် (ကရင်)
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** သရေခေတ္တရာယူနက်စ်ကိုမြို့ဟောင်းဆီသို့အလည်တစ်ခေါက်
**၁၁:၄၀** Next Level
**၁၂:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'မျှော်လင့်ခြင်းအိပ်မက်' (အပိုင်း-၂၀)
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း-၁၁)
**၁၆:၄၀** လေ့လာစရာစုံလင်မြန်ပြည်တစ်ခွင် 'ပညာသိုက်သို့...ညွှန်ပြဆိုက်ဆိုက်...စာကြည့်တိုက်'
**၁၇:၀၅** Soccer View
**၁၇:၂၅** လူမှုစီးပွားသတင်းများ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ချိုမြမြန်မာတေးအလှ
**၁၉:၁၀** မြန်မာဇာတ်လမ်းတွဲ 'အမုန်း၏အလှန်' (အပိုင်း-၄)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း-၁၉)
**၂၂:၃၅** မြန်မာဇာတ်လမ်းတွဲ 'အတိုးမပေးတဲ့နှီးလေး' (အပိုင်း-၁၉)

**mitv**

**07:01** Evergreen Classic: Zambudipar (Shwe Yee Win)
**07:09** Listening Pleasure, Instrumental Music (Don Min) Mya Nanda
**07:23** Trend of Kachin Dress
**07:49** The Southernmost City (Kawthaung)
**08:01** News
**08:26** Asia Updates; Long Road to the Top
**08:52** Mote Pel Sote from Intaing Village
**09:01** Bagan Lacquerware
**09:14** Ecotourism: Pyarswal Elephant Camp And Mawlaik Golf Course
**09:26** Artist Life: Designer Nay Chi Win Lai Yee
**09:43** Htan Taw Drums (Part-II) "Dobat"
**10:01** News

**MRTV NRC**

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
ကျိုင်းတုံဒေသရဲ့သမိုင်းဝင်နေရာများ
**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
'ဝ' ဘာသာစကားပြောကြရအောင် (ဒေသမျိုးဆိုင်ရာအခေါ်အဝေါ်များ)
**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
တနာစိတ်လေးထားစေချင် (ဇာတ်လမ်း)
**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
တားစည်သံဝေကယားမြေ
**ပအိုဝ်း (၁၄:၀၀ မှ ၁၅:၀၀)**
သစ်ပင်ပေါ်မှာငွေရှိသည်
**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
မြန်မာ့လက်မှုပညာမှသိမ်ထီးလုပ်ငန်း
**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ကရင်ဒီဂိုင်နာဟီဟီနှင့်တွေ့ဆုံမေးမြန်းခြင်း
**ချင်း (ဖလမ်း) (၁၇:၀၀ မှ ၁၈:၀၀)**
ဒေသ့ညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည့်အဖိုမြန်မာပြည် (အပိုင်း-၅)
**ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)**
လည်ပတ်ချင်စရာချင်းကျေးရွာ (အပိုင်း-၁)
**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
ခန္တီညာရှယဉ်မွန်တို့အသွင်ဆောင်အဆက်ဆက်ဝတ်စားဆင်ယင်မှု
**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
မြို့ပဒေသာ (မဏိစန္ဒာနှင့်ပုလဲစိန်)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၁၅** ကမ္ဘာဝန်းကျင်ဇီဝမျိုးကွဲစုံလင်
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၉:၁၅** ဟိသေးဝေချန်စီးရီး (အပိုင်း-၇)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၃၀** နိုင်ငံတကာသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၁၅** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (ကိုရီးယားနိုင်ငံ)
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အပေါင်းအသင်း'
**၁၀:၀၀** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (စင်ကာပူနိုင်ငံ)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ) (အပိုင်း-၁)
**၁၁:၃၀** ရွှေသို့ချိုမည်...ပန်းတိုင်ဆီ (အပိုင်း-၂၉)

**MRTV FARMERS / HV**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၁၅** တန်ဖိုးရှိသောမြန်မာ့ထုတ်ကုန်များဆီသို့
**၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်းနှင့်မိုးလေဝသ
**၁၈:၀၀** Holidate (နိုင်ငံခြားဇာတ်လမ်း)
**၁၉:၃၀** 24,7 Million Cattle In Australia Are Raised This Way - Australia Farming
**၂၂:၀၀** ချန်ပီယံလေးများ (ဇာတ်လမ်း)

**MRTV SPORTS / HV**

**၀၆:၀၀** အဖွင့်
**၀၆:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
**၀၆:၄၅** EURO 2024 Part (4)
**၀၇:၄၀** Weekly Soccer Preview
**၁၆:၁၀** အားကစားလောကထဲကသူတို့အကြောင်း
**၁၇:၀၀** အားကစားသတင်း
**၁၈:၀၀** E Sports

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် (နံနက် (၉:၀၀) နာရီမှ ညနေပိုင်း (၄) နာရီ (၇) ကြိမ်ကြည့်ရှုနိုင်ပါသည်။

## သီပေါ၌ မိုးစပါး၊ နေကြာမျိုးစေ့ထုတ်၊ မြေပဲစိုက်မည့် တောင်သူများအား မျိုးစေ့နှင့် ဓာတ်မြေဩဇာများ ထောက်ပံ့

**သီပေါ ဇွန် ၁၉**

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကူညီထောက်ပံ့သော မိုးစပါး၊ နေကြာမျိုးစေ့ထုတ်၊ မြေပဲသီးနှံစိုက်ပျိုးမည့် တောင်သူလယ်သမားများအား မျိုးစေ့နှင့် ဓာတ်မြေဩဇာပေးအပ်သည့်ပွဲကို ယနေ့နံနက်ပိုင်းက သီပေါမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ တောင်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းထင်စိုးက မျိုးစေ့နှင့် ဓာတ်မြေဩဇာဥပဒေ၊ ပိုးမွှားပြုစုရေး၊ ထိန်းချုပ်ရေးဥပဒေများ၊ သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထွန်းမင်းဦးက မျိုးစေ့နှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ရသည့် ရည်ရွယ်ချက်များနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ရေးကို ရှင်းလင်းပြောကြားပြီး မျိုးစေ့နှင့် ဓာတ်မြေဩဇာများ ပေးအပ်သည်။

အဆိုပါ ပံ့ပိုးပစ္စည်းများ ပေးအပ်ရာတွင် သီးနှံတစ်ကေလျှင် ပုလဲဓာတ်မြေဩဇာတစ်အိတ်၊ ကွန်ပေါင်းဓာတ်မြေဩဇာ တစ်အိတ်နှုန်းဖြင့် ၃၅ ကေအတွက် ဓာတ်မြေဩဇာအိတ်ပေါင်း ၇၀ နှင့် မိုးစပါး၊ နေကြာ၊ ပဲစင်းငုံ၊ မြေပဲမျိုးစေ့များကိုလည်း ပေးအပ်သည်။ **စိုင်း(သီပေါ)**




**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီမွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm




## နတ်မောက်မြို့၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကျင်းပ

**နတ်မောက် ဇွန် ၁၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲကို လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ဥမ္မာခင်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများက "မူးယစ်အသွယ်သွယ်အန္တရာယ်" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲသို့ နတ်မောက်မြို့နယ်အတွင်းရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း (အောင်ဆန်း)၊ အခြေခံပညာအထက်တန်းကျောင်းခွဲ (အိုးဘို)၊ အခြေခံပညာအလယ်တန်းကျောင်း (တမာပင်)မှ ကျောင်းသား ကျောင်းသူများ ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်စင်နှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးကြသည်။

ထို့အပြင် လူထုအခြေပြုဗဟိုဌာနရုံးရှေ့တွင် ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရေးအတွက် အသိပညာပေးနံရံကပ်စာစောင်များပြသရာ ကျောင်းသား ကျောင်းသူများနှင့် ဆရာဆရာမများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။ **လှဝင်း**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉ - ၆ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၀၅ ကျပ် | ၂၃၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၇၀၅ ကျပ် | ၂၇၈၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၁၅ ကျပ် | ၂၅၉၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၆၄၅ ကျပ် | ၂၇၁၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၂၀၀ | ၉၀၀၀ | ၅၁၂၅ | ၄၆၃၇၂၇၀၀ |
| MTSH | ၃၂၅၀ | ၃၂၅၀ | ၂၁၁၇ | ၆၈၈၀၂၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၃၁၆၆၄ | ၅၃၈၂၈၈၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၁၀ | ၂၈၅၀၀ |
| EFR | ၁၉၅၀ | ၂၀၀၀ | ၅၈၀ | ၁၁၃၆၇၅၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၃၄၅၀ | ၃၃၅၀ | ၉၆၃ | ၃၂၄၉၉၅၀ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
# သူနာပြုတက္ကသိုလ်၊ ရန်ကုန်
## သူနာပြုပါရဂူဘွဲ့သင်တန်းအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၅ ပညာသင်နှစ်အတွက် သူနာပြုတက္ကသိုလ်၊ ရန်ကုန်၌ ဖွင့်လှစ်မည့် သူနာပြုပါရဂူဘွဲ့သင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းသူနာပြုများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**သူနာပြုပါရဂူဘွဲ့သင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သူနာပြုပါရဂူဘွဲ့ ( Ph.D(Nursing) ) | ၃ နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) သူနာပြုမဟာသိပ္ပံဘွဲ့ ရရှိထားသူ(သို့မဟုတ်)မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။

( ဂ ) လက်ရှိနိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး ဝင်ခွင့်လျှောက်လွှာပိတ်သည့်ရက်တွင် သူနာပြုမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၂)နှစ်ရှိသူဖြစ်ရမည်။

(ဃ) ပြည်ပ၌ မိမိအစီအစဉ်ဖြင့် ဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ပြီး ပါရဂူဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားလာပါက ဝင်ခွင့်လျှောက်လွှာပိတ်သည့်ရက်တွင်လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်းလုပ်သက်(၄)နှစ်ရှိရမည်။

( င )လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

( စ )ပါရဂူဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ (၂၃-၈-၂၀၂၄ ) ရက် (သောကြာနေ့) ဖြစ်ပါသည်။

၄။ သူနာပြုပါရဂူသင်တန်း ဝင်ခွင့်လျှောက်ထားသူများသည် သင်တန်းဝင်ခွင့် စာမေးပွဲကြေး ကျပ်၁၀၀၀ဝ/- (ကျပ်တစ်ထောင်တိတိ)ကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ လသာမြို့နယ်၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၁၈၉၀သို့ ပေးသွင်းရမည်။

(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅) ကမ်းနားလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့ရှိ သူနာပြုတက္ကသိုလ်၊ ရန်ကုန်ငွေစာရင်းအမှတ် MD-၀၁၁၈၉၀ သို့လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ( ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး )မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာနဝန်ထမ်း အဖွဲ့အစည်းအကြီးအမှူး(ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့်လျှောက်လွှာများကို လုံးဝ ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ ကြိုတင်လျှောက်လွှာမိတ္တူတစ်စောင်ကို ငွေသွင်းချလန်မူရင်းနှင့်တကွ ပါမောက္ခချုပ်၊ သူနာပြုတက္ကသိုလ်၊ ရန်ကုန်သို့ မပျက်မကွက် ပေးပို့လျှောက်ထားရမည်။

၇။ ဝင်ခွင့်ရေးဖြေစာမေးပွဲဖြေဆိုမည့်ရက်မှာ (၃-၁၀-၂၀၂၄)ရက်(ကြာသပတေးနေ့) မွန်းလွဲ(၁)နာရီမှ (၄)နာရီ အထိ ဖြစ်ပါသည်။

၈။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်း မပြုသော်လည်းသင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှု အရည်အချင်းစစ် စာမေးပွဲ(၂)နာရီမေးခွန်းကိုဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲအောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။

၉။ သင်တန်းကိုတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန်ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီးတက်ရောက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးကိုပေးလျော်ရမည်။

၁၁။ ဝင်ခွင့်လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ် အချက်အလက်များကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ စာမေးပွဲရေးရာဌာနစိတ်၊ ဖုန်းနံပါတ်၊ ၀၁-၂၂၂၈၈၃၊ ၀၁-၂၂၂၈၈၄၊ ၀၁-၂၂၂၈၈၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ Website (www.uonygn.gov. mm) တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**သူနာပြုတက္ကသိုလ်၊ ရန်ကုန်**

---

## ပျောက်ဆုံးကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၉)ရပ်ကွက်နေ (ဘ)ဦးကံချွန်၏သား ဦးတင့်လွင်ဦး ၁၂/ကခက (နိုင်)၀၆၇၉၅၃၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၀၃၅၄၇၄

---

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်နေ ဖွဲ့ထက်အေး(ဘ)ဦးသန်းအေး ၁၂/ဥကမ (နိုင်)၂၁၆၆၂၀၏ နိုင်ငံကူးလက်မှတ် အမှတ် (ME-230117)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၈၉၁၁၈၁၇

---

## အလိုမှာ စာမှာရှိ

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မင်္ဂလာသုခ(၁)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-(၄၆)၊ မြေကွက် အမှတ်- (၁၃၀၁)၊ အကျယ်အဝန်း-(၄၀x၆၀)ပေရှိ ဦးတင်ရွှေ(၁၂/ပဘတ(နိုင်)၀၀၈၃၀၅)(WKA-၀၂၆၃၉၈) အမည်ပေါက်နှစ် (၆၀) ဂရန်မြေကွက် ကြီး၏တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အားမျက်နှာမူလျှင်(ဘယ်)ဘက်ခြမ်း၊ (မြေကွက်အမှတ်- ၁၃၀၂နှင့်ကပ်လျက်ခြမ်း)၊ အကျယ်အဝန်း-(၂၀x၆၀)ပေရှိ မြေကွက် နှင့်မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားအမည်ပေါက် ခင်ပွန်းဖြစ်သူ ဦးတင်ရွှေကွယ်လွန်သွားပြီဖြစ်၍ မိမိမှအမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး လက်ရှိထားကာရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ခင်မာကြည် (၁၂/ပဘတ(နိုင်)၀၀၈၃၀၆) ထံမှကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူခဲ့ပြီး ရောင်းကြေးတန်ဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီးကန့်ကွက်လိုပါကမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်ဝင်းထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်ငြိမ်းဆွေ(LL.B)**
စဉ်-၁၁၄၄၅/၂၀၁၆ တရားလွှတ်တော်ရှေ့နေ
အမှတ်-(၄၀၅)၊ (၆)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၀၀၂၉၃၇၃၊ ၀၉-၈၈၂၂၂၀၈၅

---

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
# ဆေးတက္ကသိုလ်၊ မကွေး
## ဆေးပညာဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၅ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်၊ မကွေးတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူနိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**ဆေးပညာဒီပလိုမာ (Dip.Med.Sc) သင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | ဆေးလက်တွေ့ဆိုင်ရာဆေးဝါးဗေဒဒီပလိုမာ Dip.Med.Sc (Clinical Pharmacology) | (၁) နှစ် |

**ဆေးပညာမဟာသိပ္ပံ(M.Med.Sc)သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | ဆေးပညာမဟာသိပ္ပံ(ခန္ဓာဗေဒ) M.Med.Sc (Anatomy) | (၂)နှစ် |
| (၂) | ဆေးပညာမဟာသိပ္ပံ (ဇီဝကမ္မဗေဒ) M.Med.Sc (Physiology) | (၂)နှစ် |
| (၃) | ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ) M.Med.Sc (Pharmacology) | (၂)နှစ် |
| (၄) | ဆေးပညာမဟာသိပ္ပံ (ကာကွယ်ရေးနှင့်အပူပိုင်းဆေးပညာ) M.Med.Sc (Preventive & Tropical Medicine) | (၂)နှစ် |
| (၅) | ဆေးပညာမဟာသိပ္ပံ (ဆေးလက်တွေ့ဆိုင်ရာဇီဝဓာတုဗေဒ) M.Med.Sc (Clinical Biochemistry) | (၃)နှစ် |
| (၆) | ဆေးပညာမဟာသိပ္ပံ (အဏုဇီဝဗေဒ) M.Med.Sc (Microbiology) | (၃)နှစ် |
| (၇) | ဆေးပညာမဟာသိပ္ပံ (ရောဂါဗေဒ) M.Med.Sc (Pathology) | (၃)နှစ် |
| (၈) | ဆေးပညာမဟာသိပ္ပံ (မေ့ဆေးပညာ) M.Med.Sc (Anaesthesiology) | (၃)နှစ် |
| (၉) | ဆေးပညာမဟာသိပ္ပံ (ဥပဒေရေးရာဆေးပညာ) M.Med.Sc (Medical Jurisprudence) | (၃)နှစ် |
| (၁၀) | ဆေးပညာမဟာသိပ္ပံ ((နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ကုပညာ)) M.Med.Sc (Otorhinolaryngology Head & Neck Surgery) | (၃)နှစ် |
| (၁၁) | ဆေးပညာမဟာသိပ္ပံ (မျက်စိရောဂါပညာ) M.Med.Sc (Ophthalmology) | (၃)နှစ် |
| (၁၂) | ဆေးပညာမဟာသိပ္ပံ (ဆေးပညာ) M.Med.Sc (Internal Medicine) | (၃)နှစ် |
| (၁၃) | ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) M.Med.Sc (Surgery) | (၃)နှစ် |
| (၁၄) | ဆေးပညာမဟာသိပ္ပံ (သားဖွားနှင့်မီးယပ်ပညာ) M.Med.Sc(Obstetrics & Gynaecology) | (၃)နှစ် |
| (၁၅) | ဆေးပညာမဟာသိပ္ပံ (ကလေးကျန်းမာပညာ) M.Med.Sc (Paediatrics) | (၃)နှစ် |
| (၁၆) | ဆေးပညာမဟာသိပ္ပံ (အရိုးရောဂါပညာ) M.Med.Sc (Orthopaedics) | (၄)နှစ် |
| (၁၇) | ဆေးပညာမဟာသိပ္ပံ (ဓါတ်မှန်ပညာ) M.Med.Sc (Radiology) | (၄)နှစ် |

**ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ (Ph.D) သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| ( ၁ ) | ပါရဂူဘွဲ့ (ခန္ဓာဗေဒ) Ph.D (Anatomy) | (၃) နှစ် |
| ( ၂ ) | ပါရဂူဘွဲ့ (ဇီဝကမ္မဗေဒ) Ph.D (Physiology) | (၃) နှစ် |
| ( ၃ ) | ပါရဂူဘွဲ့ (ဇီဝဓာတုဗေဒ) Ph.D (Biochemistry) | (၃) နှစ် |
| ( ၄ ) | ပါရဂူဘွဲ့ (အဏုဇီဝဗေဒ) Ph.D (Medical Microbiology) | (၃) နှစ် |
| ( ၅ ) | ပါရဂူဘွဲ့ (ဆေးဝါးဗေဒ) Ph.D (Pharmacology) | (၃) နှစ် |

**ဆေးလက်တွေ့ပါရဂူဘွဲ့ (Dr.Med.Sc) သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | ဆေးလက်တွေ့ပါရဂူဘွဲ့(အထွေထွေဆေးပညာ) Dr.Med.Sc (General Medicine) | (၃) နှစ် |
| (၂) | ဆေးလက်တွေ့ပါရဂူဘွဲ့(အထွေထွေခွဲစိတ်ကုပညာ) Dr.Med.Sc (General Surgery) | (၃) နှစ် |
| (၃) | ဆေးလက်တွေ့ပါရဂူဘွဲ့(သားဖွားမီးယပ်ပညာ) Dr.Med.Sc (Obstetrics & Gynaecology) | (၃) နှစ် |
| (၄) | ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးကျန်းမာပညာ) Dr.Med.Sc (Paediatrics) | (၃) နှစ် |
| (၅) | ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောက်ကပ်ရောဂါပညာ) Dr.Med.Sc (Nephrology) | (၃) နှစ် |
| (၆) | ဆေးလက်တွေ့ပါရဂူဘွဲ့(အသားမျှင်ရောဂါဗေဒ) Dr.Med.Sc (Histopathology) | (၃) နှစ် |
| (၇) | ဆေးလက်တွေ့ပါရဂူဘွဲ့(ဓါတုရောဂါဗေဒ) Dr.Med.Sc (Chemical Pathology) | (၃) နှစ် |
| (၈) | ဆေးလက်တွေ့ပါရဂူဘွဲ့(မေ့ဆေးပညာ) Dr.Med.Sc (Anaesthesiology) | (၃) နှစ် |

၂။ လိုအပ်သောအရည်အချင်း

(က) **ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများ**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် ဆေးပညာဘွဲ့ (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီ မှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူဖြစ်ရမည်။

(၃) ဆေးပညာမဟာသိပ္ပံ သင်တန်းများအတွက် လျှောက်လွှာပိတ်သည့်နေ့တွင် အလုပ်စတင် ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

**မှတ်ချက်။ ။ (ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဆေးလက်တွေ့ဆိုင်ရာ ဇီဝဓါတုဗေဒ၊ အဏုဇီဝဗေဒ၊ ဆေးဝါးဗေဒ၊ ရောဂါဗေဒ၊ ဥပဒေရေးရာဆေးပညာ နှင့် မေ့ဆေးပညာ) မဟာသိပ္ပံသင်တန်းများအတွက် လုပ်သက် သတ်မှတ်ချက်မရှိ လျှောက်ထားနိုင်ပါသည်။**

(၄) ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၄၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

(၅) ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံး (၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန် ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(၆) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

(ခ) **ဆေးလက်တွေ့ဆိုင်ရာဆေးဝါးဗေဒဒီပလိုမာသင်တန်း**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(၃) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၅၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(၄) ဒီပလိုမာဘွဲ့ရရှိပြီးနောက် အနည်းဆုံး (၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင် နိုင်သူဖြစ်ရမည်။

(၅) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

(ဂ) **ဆေးပညာပါရဂူဘွဲ့သင်တန်းများ**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) သက်ဆိုင်ရာဘာသာရပ်၌ ဆေးပညာမဟာသိပ္ပံဘွဲ့ ရရှိထားသူဖြစ်ရမည်။

(၃) လျှောက်လွှာပိတ်သည့်နေ့တွင် သက်ဆိုင်ရာဘာသာရပ် မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၂) နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်း ဖြစ်ရမည်။

(၄) ပြည်ပမှ မိမိအစီအစဉ်ဖြင့် ဘွဲ့လွန်ရရှိပြီးမှ အစိုးရဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ပြီး ပါရဂူဘွဲ့လွန်သင်တန်း ဝင်ရောက်ခွင့် လျှောက်ထားလာပါက ပါရဂူဘွဲ့(ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓါတုဗေဒ၊ ရောဂါဗေဒ(အသားမျှင်ရောဂါဗေဒ၊ဓာတုရောဂါဗေဒ)၊ ဆေးဝါးဗေဒ၊ အဏုဇီဝဗေဒ) သင်တန်းများအတွက် လျှောက်လွှာပိတ်သည့်နေ့တွင် အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်း လုပ်သက်(၃)နှစ်၊ ကျန်ပါရဂူဘွဲ့ သင်တန်းများ အတွက် အလုပ်စတင် ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်း လုပ်သက် (၄)နှစ် ရှိရမည်။

(၅) ဆေးလက်တွေ့ပါရဂူဘွဲ့(အသားမျှင်ရောဂါဗေဒ)/(ဓါတုရောဂါဗေဒ)သင်တန်းများအတွက် ဆေးပညာမဟာသိပ္ပံ(ရောဂါဗေဒ)ဘွဲ့ ရရှိထားသူဖြစ်ရမည်။

(၆) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၅၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(၇) ပါရဂူဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ (၂၃-၈-၂၀၂၄)ရက် (သောကြာနေ့ )ဖြစ်ပါသည်။

၄။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက် ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်း မရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၅။ ကြိုတင်မိတ္တူ(၁)စောင်ကို ငွေသွင်းချလံ(မူရင်း)နှင့်တကွ ဆေးတက္ကသိုလ်၊ မကွေး၊ ပါမောက္ခချုပ်ထံ လိပ်မူ၍ (မပျက်မကွက်) ပေးပို့လျှောက်ထားရမည်။

၆။ ဝင်ခွင့်ရေးဖြေစာမေးပွဲ စစ်ဆေးမည့်ရက်မှာ -

| | | |
|---|---|---|
| (က) | ပါရဂူ၊ ဆေးလက်တွေ့ပါရဂူဘွဲ့ - သင်တန်းများ | (၃-၁၀-၂၀၂၄)ရက် (ကြာသပတေးနေ့) |
| ( ခ ) | ဆေးလက်တွေ့ဆိုင်ရာ ဆေးဝါးဗေဒဒီပလိုမာသင်တန်း | (၄-၁၀-၂၀၂၄)ရက် (သောကြာနေ့) |
| ( ဂ ) | ဆေးပညာမဟာသိပ္ပံဘွဲ့လွန် သင်တန်းများ | |

၇။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင်နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှုအရည်အချင်းစစ် စာမေးပွဲ(၂)နာရီမေးခွန်းကိုဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ကြောင်းတင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။

၈။ ဘွဲ့လွန်ဆေးပညာ သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်း ဝင်ခွင့် စာမေးပွဲကြေးကျပ်-၁၀၀၀/- (ကျပ်တစ်ထောင်)တိတိကို ဆေးတက္ကသိုလ်၊မကွေး၏ မြန်မာ့စီးပွားရေးဘဏ်၊ မကွေးတွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ်-MD- ၀၁၁၁၁၈ သို့ ပေးသွင်းရမည်။

(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊မကွေးမြို့တွင် ဖွင့်လှစ်ထားသည့် ဆေးတက္ကသိုလ်၊ မကွေး၏ ငွေစာရင်းအမှတ်- MD- ၀၁၁၁၁၈ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၉။ သင်တန်းကိုတက်ရောက်ရန်ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရစာရင်း ထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၁၁။ လျှောက်လွှာခေါ်ယူသည့်ကြေညာချက်အပြည့်အစုံနှင့်အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်၊ မကွေး၊ Website – http://www.ummg.gov.mm နှင့် http://www.ummg.edu.mm တို့တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။ (သို့မဟုတ်) ဘွဲ့လွန်ဌာနစိတ်၊ ဖုန်းနံပါတ် – ၀၆၃-၂၀၂၃၇၀၁ (လိုင်းခွဲ ၁၁၀)သို့ မေးမြန်း စုံစမ်းနိုင်ပါသည်။

**ဆေးတက္ကသိုလ်၊ မကွေး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်
## အာဟာရပညာဒီပလိုမာသင်တန်း၊ ပြည်သူ့ကျန်းမာရေးမဟာဘွဲ့သင်တန်း၊ဆေးရုံအုပ်ချုပ်မှုပညာမဟာဘွဲ့သင်တန်းနှင့် ပါရဂူဘွဲ့(ပြည်သူ့ကျန်းမာရေး)သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ (၂၀၂၅)ပညာသင်နှစ်အတွက်ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ရန်ကုန်တွင်ဖွင့်လှစ်မည့် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**ဒီပလိုမာသင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | အာဟာရပညာဒီပလိုမာ<br>Diploma in Nutrition and Dietetics | (၉)လ |

**မဟာဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ပြည်သူ့ကျန်းမာရေးမဟာဘွဲ့<br>Master of Public Health (MPH) | (၁)နှစ် |
| (ခ) | ဆေးရုံအုပ်ချုပ်မှုပညာမဟာဘွဲ့<br>Master of Hospital Administration (MHA) | (၁)နှစ် |

**ပါရဂူဘွဲ့သင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ပါရဂူဘွဲ့(ပြည်သူ့ကျန်းမာရေး)<br>Ph.D(Public Health) | (၃)နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

(က) **ဒီပလိုမာသင်တန်း**

(၁) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) ဆေးပညာဘွဲ့(M.B.,B.S)(သို့မဟုတ်)မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသောအလားတူဘွဲ့ (သို့မဟုတ်) သူနာပြုသိပ္ပံဘွဲ့(B.N.Sc)(ပုံမှန်/ ပေါင်းကူး) (သို့မဟုတ်) ကျန်းမာရေးသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး)(B.Comm.H) ရရှိပြီး လျှောက်လွှာပိတ်သည့်ရက်တွင် အလုပ်စတင်ဝင်ရောက် သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၂)နှစ် ပြည့်ပြီးသူနိုင်ငံ့ ဝန်ထမ်း ဖြစ်ရမည်။ (သူနာပြုသိပ္ပံဘွဲ့(B.N.Sc)(ပေါင်းကူး)(သို့မဟုတ်) ကျန်းမာရေးသိပ္ပံဘွဲ့ (အခြေခံကျန်းမာရေး)(B.Comm.H) ရရှိသူဖြစ်ပါက လျှောက်လွှာပိတ်သည့်ရက်တွင် ဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၂)နှစ် ရှိသူဖြစ်ရမည်။)

(၃) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(၄) ဘွဲ့လွန်ဒီပလိုမာရရှိပြီးနောက် အနည်းဆုံး(၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ခ) **မဟာဘွဲ့သင်တန်းများ**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့(MPH)သင်တန်းအတွက် ဆေးပညာဘွဲ့(M.B.,B.S) (သို့မဟုတ်) သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့(B.D.S) (သို့မဟုတ်) သူနာပြုသိပ္ပံဘွဲ့ (B.N.Sc)(ပုံမှန်/ပေါင်းကူး) (သို့မဟုတ်) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(B.Med.Tech) (သို့မဟုတ်) ဆေးဝါးသိပ္ပံဘွဲ့(B.Pharm) (သို့မဟုတ်) ကျန်းမာရေးသိပ္ပံဘွဲ့(အခြေခံ ကျန်းမာရေး)(B.Comm.H) (သို့မဟုတ်) မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့(B.M.T.M) ရရှိထားသူများ လျှောက်ထားနိုင်သည်။

(၃) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့သင်တန်းအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၁)နှစ်ပြည့်ပြီးသူ နိုင်ငံ့ဝန်ထမ်း ဖြစ်ရမည်။

(၄) ဆေးရုံအုပ်ချုပ်မှုပညာမဟာဘွဲ့သင်တန်းအတွက် ဆေးပညာဘွဲ့(M.B.,B.S) (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူဖြစ်ရမည်။

(၅) ဆေးရုံအုပ်ချုပ်မှုပညာမဟာဘွဲ့သင်တန်းအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၅)နှစ်ရှိသူ၊ ၄င်း(၅)နှစ်တွင်ဆေးရုံလုပ်သက် အတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။ ဆေးရုံစီမံခန့်ခွဲရေးလုပ်ငန်းများကို အမှန်တကယ်စိတ်ပါဝင်စားသူ ဖြစ်ရမည်။

(၆) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့နှင့်ဆေးရုံအုပ်ချုပ်မှုပညာမဟာဘွဲ့သင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(၇) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့နှင့် ဆေးရုံအုပ်ချုပ်မှုပညာမဟာဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဂ) **ပါရဂူဘွဲ့သင်တန်း**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့(MPH) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံဘွဲ့(ပြည်သူ့ကျန်းမာရေး) M.Med.Sc(Public Health) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံဘွဲ့(ကာကွယ်ရေးနှင့်အပူပိုင်းဆေးပညာ)(M.Med.Sc(P&TM)) ရရှိသူ (သို့မဟုတ်) ပြည်သူ့ကျန်းမာရေးဆိုင်ရာ မဟာဘွဲ့တစ်ခုခုရရှိပြီး MPH အတွက် အနည်းဆုံးလိုအပ်သည့် ဘာသာရပ် Credit များရှိသူများ ဖြစ်ပြီး လျှောက်လွှာပိတ်သည့်ရက်တွင် မဟာဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(၃) တစ်ခုထက်ပိုသော မဟာဘွဲ့/ ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိထားသူဖြစ်ပါက လျှောက်လွှာပိတ်သည့်ရက်တွင် ပထမ မဟာဘွဲ့/ ဆေးပညာမဟာသိပ္ပံဘွဲ့ (ပြည်တွင်း/ပြည်ပ) ရရှိပြီးနောက် ခွင့်ရက်မပါအနည်းဆုံးလုပ်သက်(၂)နှစ်ရှိသူနိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(၄) ပြည်ပ၌ မိမိအစီအစဉ်ဖြင့်ဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ပြီး ပါရဂူဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားလာပါက လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်းလုပ်သက်(၄)နှစ်ရှိသူ ဖြစ်ရမည်။

(၅) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၂)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။

(၆) ပါရဂူဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ ဦးဆောင် ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်းလျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၄။ ကြိုတင်လျှောက်လွှာမိတ္တူတစ်စောင်ကို ချလံမူရင်းနှင့်တကွ ပါမောက္ခချုပ်၊ ပြည်သူ့ကျန်းမာရေး တက္ကသိုလ်၊ ရန်ကုန်သို့ လိပ်မူ၍ (မပျက်မကွက်) ပေးပို့ရမည်။

၅။ လျှောက်လွှာပိတ်မည့်ရက်မှာ **(၂၃-၈-၂၀၂၄ )ရက် (သောကြာနေ့)** ဖြစ်ပါသည်။

၆။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ-

**ပါရဂူဘွဲ့သင်တန်း** - ၃-၁၀-၂၀၂၄ (ကြာသပတေးနေ့)
**ဒီပလိုမာနှင့် မဟာဘွဲ့သင်တန်းများ** - ၄-၁၀-၂၀၂၄ (သောကြာနေ့) တို့ ဖြစ်ပါ သည်။

၇။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်း မပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင်နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှု အရည်အချင်းစစ်စာမေးပွဲ (၂)နာရီမေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်း စစ်စာမေးပွဲ အောင်မြင်ကြောင်းတင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကိုထုတ်ပေးမည်။

၈။ လူတွေ့/နှုတ်မေးစစ်ဆေးမည့်ရက်ကို ဝင်ခွင့်နှုတ်ဖြေစာမေးပွဲဖြေဆိုခွင့်ရစာရင်းထုတ်ပြန်ကြေညာသည့်အခါတွင် ဖော်ပြပါမည်။

၉။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့် စာမေးပွဲကြေး ကျပ်-၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ကို ပြည်သူ့ကျန်းမာရေး တက္ကသိုလ်၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ (၅)၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၂၆၂၂ သို့ ပေးသွင်းရမည်။

**(မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅) ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ပြည်သူ့ကျန်းမာရေး တက္ကသိုလ်၊ ရန်ကုန်၏ ငွေစာရင်းအမှတ် MD-၀၁၂၆၂၂ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့် လည်း ပေးသွင်းနိုင်ပါသည်။)

၁၀။ သင်တန်းကိုတက်ရောက်ရန်ရွေးချယ်ခြင်းခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာ သင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများ သို့ လျှောက်ထားခွင့်မရှိပါ။

၁၁။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက် လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ/ မပြုသည် ဖြစ်စေ)၊ သင်တန်းကိုပြီးဆုံးအောင်မတက်ရောက် လျှင်ဖြစ်စေ၊ သင်တန်းတက်ရောက် အောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကိုမထမ်းဆောင် လျှင် ဖြစ်စေ၊ သတ်မှတ်ထားသောလျော်ကြေးငွေကို ပေးလျော်ရမည်ဖြစ်သည်။

၁၂။ အသေးစိတ်အချက်အလက်များကိုစာမေးပွဲ/ဘွဲ့နှင်းသဘင်ဌာန၊ ပြည်သူ့ကျန်းမာရေး တက္ကသိုလ်၊ ရန်ကုန် ဖုန်းနံပါတ် (၀၁-၈၃၉၅၃၆၇/ ၀၁-၈၃၉၅၂၁၃ (လိုင်းခွဲ-၁၅)) တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင် ပါသည်။ (သို့မဟုတ်) ပြည်သူ့ကျန်းမာရေး တက္ကသိုလ်၊ ရန်ကုန်၏ Website-http://uph-myanmar.gov. mm သို့လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သူနာပြုတက္ကသိုလ်၊ ရန်ကုန်
## သူနာပြုဘွဲ့လွန်သင်တန်းများအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၅ ပညာသင်နှစ်အတွက် သူနာပြုတက္ကသိုလ်၊ ရန်ကုန်၌ဖွင့်လှစ်မည့် သူနာပြုမဟာသိပ္ပံသင်တန်းများ နှင့် အရေးပေါ်သူနာပြုစုမှုပညာ ဒီပလိုမာသင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်း သူနာပြုများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**သူနာပြုမဟာသိပ္ပံသင်တန်းများ (Master of Nursing Science)**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သူနာပြုမဟာသိပ္ပံ (လူကြီးကျန်းမာရေးသူနာပြုစုမှုပညာ)<br>Master of Nursing Science (Adult Health Nursing) | ၂ နှစ် |
| ( ခ ) | သူနာပြုမဟာသိပ္ပံ (မိခင်ကျန်းမာရေးသူနာပြုစုမှုပညာ)<br>Master of Nursing Science (Maternal Health Nursing) | ၂ နှစ် |
| ( ဂ ) | သူနာပြုမဟာသိပ္ပံ (ကလေးကျန်းမာရေးသူနာပြုစုမှုပညာ)<br>Master of Nursing Science (Child Health Nursing) | ၂ နှစ် |
| (ဃ) | သူနာပြုမဟာသိပ္ပံ (စိတ်ကျန်းမာရေးသူနာပြုစုမှုပညာ)<br>Master of Nursing Science (Mental Health Nursing) | ၂ နှစ် |
| ( င ) | သူနာပြုမဟာသိပ္ပံ (ပြည်သူ့ကျန်းမာရေးသူနာပြုစုမှုပညာ)<br>Master of Nursing Science (Community Health Nursing) | ၂ နှစ် |
| ( စ ) | သူနာပြုမဟာသိပ္ပံ (အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုပညာ)<br>Master of Nursing Science (Nursing Administration & Management) | ၂ နှစ် |
| (ဆ) | သူနာပြုမဟာသိပ္ပံ (အထူးကြပ်မတ်ကုသမှုသူနာပြုစုမှုပညာ)<br>Master of Nursing Science (Critical Care Nursing) | ၂ နှစ် |
| ( ဇ ) | သူနာပြုမဟာသိပ္ပံ (အထွေထွေ)<br>Master of Nursing Science (General) | ၂ နှစ် |

**ဒီပလိုမာသင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | အရေးပေါ်သူနာပြုစုမှုပညာဒီပလိုမာ (Diploma in Emergency Nursing) | ၁၅ လ |

၂။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) သူနာပြုသိပ္ပံဘွဲ့ (ပုံမှန်/ပေါင်းကူး) ရရှိထားသူ (သို့မဟုတ်) မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။

( ဂ ) သူနာပြုမဟာသိပ္ပံသင်တန်းအတွက် ဝင်ခွင့်လျှောက်လွှာပိတ်သည့်ရက်တွင် သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး) ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၁)နှစ်ရှိသူနှင့် သူနာပြုသိပ္ပံဘွဲ့(ပုံမှန်) ရရှိပြီးနောက် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ လျှောက်လွှာပိတ်သည့်နေ့အထိ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(ဃ) **သူနာပြုမဟာသိပ္ပံဘွဲ့(အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုပညာ)သင်တန်းတက်ရောက်ရန် လျှောက်ထားမည့်သူသည် လျှောက်လွှာပိတ်သည့်ရက်တွင် ခွင့်ရက်မပါအနည်းဆုံး လုပ်သက်(၅)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။**

( င ) အရေးပေါ်သူနာပြုစုမှုပညာ ဒီပလိုမာသင်တန်းအတွက် ဝင်ခွင့်လျှောက်လွှာပိတ်သည့်ရက်တွင် သူနာပြုသိပ္ပံဘွဲ့ရရှိပြီးနောက် လုပ်သက်အနည်းဆုံး(၂)နှစ်ရှိရမည့်အပြင် လွန်ခဲ့သည့်(၂)နှစ် အတွင်း ဆေးလက်တွေ့အတွေ့အကြုံ အနည်းဆုံး(၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

( စ ) သူနာပြုမဟာသိပ္ပံသင်တန်းများနှင့် အရေးပေါ်သူနာပြုစုမှုပညာ ဒီပလိုမာသင်တန်းအတွက် ဝင်ခွင့်လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၄၅)နှစ် မကျော်လွန်သူဖြစ်ရမည်။

(ဆ) သူနာပြုမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နှင့် အရေးပေါ်သူနာပြုစုမှုပညာဒီပလိုမာဘွဲ့ ရရှိပြီးနောက် အနည်းဆုံး(၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

( ဇ ) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူ ဖြစ်ရမည်။

၃။ ဝင်ခွင့်လျှောက်လွှာပိတ်ရက်မှာ (၂၃ - ၈- ၂၀၂၄) ရက် (သောကြာနေ့) ဖြစ်ပါသည်။

၄။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေး ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ လသာမြို့နယ်၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့တွင်ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၁၈၉၀ သို့ ပေးသွင်းရမည်။

(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅) ကမ်းနားလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့ရှိ သူနာပြုတက္ကသိုလ်၊ ရန်ကုန်ငွေစာရင်းအမှတ်၊ MD-၀၁၁၈၉၀ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ( ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)၏ ထောက်ခံချက် ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့်လျှောက်လွှာများကို လုံးဝထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၆။ ကြိုတင်လျှောက်လွှာမိတ္တူတစ်စုံကို ငွေသွင်းချလန်မူရင်းနှင့်တကွ ပါမောက္ခချုပ်၊ သူနာပြုတက္ကသိုလ်၊ ရန်ကုန်သို့ မပျက်မကွက် ပေးပို့လျှောက်ထားရမည်။

၇။ သူနာပြုမဟာသိပ္ပံသင်တန်းများနှင့် အရေးပေါ်သူနာပြုစုမှုပညာဒီပလိုမာသင်တန်း ဝင်ခွင့်ရေးဖြေစာမေးပွဲ ဖြေဆိုမည့်ရက်မှာ (၄-၁၀-၂၀၂၄ )ရက် (သောကြာနေ့) မွန်းလွဲ(၁)နာရီမှ (၃)နာရီအထိ ဖြစ်ပါသည်။

၈။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်း မပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင်နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ်ကျွမ်းကျင်မှု အရည်အချင်းစစ်စာမေးပွဲ (၂)နာရီ မေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲအောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။

၉။ သင်တန်းကိုတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန်ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသောလျော်ကြေးကို ပေးလျော်ရမည်ဖြစ်သည်။

၁၁။ ဝင်ခွင့်လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ စာမေးပွဲရေးရာဌာနစိတ် ဖုန်းနံပါတ်-၀၁-၂၂၂၈၈၃၊ ၀၁-၂၂၂၈၈၄၊ ၀၁-၂၂၂၈၈၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) သူနာပြုတက္ကသိုလ် ရန်ကုန်၏ Website (www.uonygn.gov. mm) တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**သူနာပြုတက္ကသိုလ်၊ ရန်ကုန်**

---

### ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ချောင်းဖြူကျေးရွာနေ (ဘ)ဦးကံထိုက်၏သား မောင်အောင်မျိုးကို (၈/ငဖန(နိုင်)၀၅၁၀၁၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-097960) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၅၈၄၃၉၄၈**

### အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ အမှတ်(၁) သုံးပင်မြောက်ရပ်နေ ဦးကိုမြင့်၏သမီး မသင်းသင်းလှိုင်၏ အမည် မှန်မှာ မသင်းသင်းထိုက် ၈/ စလန(နိုင်) ၂၂၂၁၄၄ဖြစ်ပါကြောင်း။

**မသင်းသင်းထိုက်**

### မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ အလက (ဝသုန္ဒရ)ကျောင်း၊ Grade (6)မှ မပြည့်သူသူကျော်၏ မိဘအမည်မှန်မှာ ဦးသိန်းကျော်မင်း ၉/မတရ(နိုင်)၁၂၃၈၉၃နှင့် ဒေါ်ခင်သီတာထွန်း ၉/မတရ(နိုင်)၁၄၈၄၂၈ ဖြစ်ပါကြောင်း။

**ဦးသိန်းကျော်မင်း၊ ဒေါ်ခင်သီတာထွန်း**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

